# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဩဂုတ်လ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၂)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်၊ ၂၁-၁၂-၂၀၂၄၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဌမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၀

၂၀၂၄ ခုနှစ် ပဌမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အိုလံပစ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ

စာမျက်နှာ ၄ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် ဒီဇင်ဘာ ၂၀

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ စနေနေ့ ။

မန္တလေး နေ့စဉ်

## ပျင်းရိခြင်းအတွက် ဆိုးကျိုးများကို ဖယ်ရှားကြပါစို့

လူတိုင်းတွင် အသက်အရွယ်အပိုင်းအခြားအလိုက် ဘဝအတွက် အလုပ်ကိုယ်စီရှိကြသည်။ မိမိတို့ယူထားသည့် အလုပ်တာဝန်များ ဆောင်ရွက်ရာတွင် တက်ကြွသူများရှိသကဲ့သို့ ပျင်းရိသူများလည်းရှိနေတတ်သည်။ ပျင်းရိခြင်းသည် လူသားတို့အတွက် ဆောင်ရွက်ဖွယ်ရာကိစ္စအဝဝကို နှေးကွေးစေသည့်အတွက် အကျိုးဖြစ်ထွန်းမှုလည်း နည်းပါးမည်ဖြစ်သည်။ ပျင်းရိသူများသည် အချိန်ကိုတန်ဖိုးမထားသူများဖြစ်ကြသည်။ ငယ်ရွယ်စဉ်ကျောင်းသားဘဝတွင် သင်ကြားခဲ့ရသော ပျင်းရိခြင်းအကြောင်းတရားများကို မှတ်မိနေသေးသည်။ ပျင်းရိခြင်းစိတ်ကြောင့် အချိန်ဆွဲတတ်ပုံကို သတိပြုမိစေရန် ဖော်ပြထားသည်။ "အေးသည်၊ ပူသည်၊ မိုးချုပ်သည်နှင့် စောသည်၊ ဆာသည်၊ ပြည့်အင်သည်"ဟူသောစာသားက ပျင်းရိတတ်သူများ၏ ဆင်ခြေများကို ပြောပြထားသည်။

လယ်တီဆရာတော်ကြီးက "ခွင်သာခိုက်မှ မလိုက်ချင်လျှင်" ဟူသောကဗျာကို ရေးသားခဲ့ရာတွင် အချိန်မီမလုပ်လျှင် အကျိုးယုတ်နိုင်ပုံကို ပျင်းရိခြင်း၏ဆိုးကျိုးများအဖြစ် သတိပေးလမ်းညွှန်ဆုံးမထားသည်ကို တွေ့နိုင်သည်။ ထို့အပြင် အချိန်ဖြုန်းတီးခြင်းသည်လည်း ပျင်းရိခြင်းသဘောကိုဆောင်သည်။ ပျင်းရိခြင်းသည် ကိုယ်စွမ်းအား၊ စိတ်စွမ်းအား၊ ဉာဏ်စွမ်းတို့ကိုပင် သံချေးတက်စေသည်။ ပျင်းရိခြင်း၏ အကျိုးဆက်များမှာ အလွန်ကြောက်မက်ဖွယ်ကောင်းလှသည်။

ပျင်းရိခြင်း၏ဆိုးကျိုးများကို လက်ချိုး၍ရေတွက်လျှင် ကုန်နိုင်မည်မဟုတ်ပါ။ လူတိုင်း လူတိုင်း ပျင်းရိခြင်း၏အဆိပ်ကို စားသုံးရန် ရှောင်ရှားသင့်သည်။ ထို့အပြင် စိတ်သည် လူကိုစိုးမိုး၏။ စိတ်၏အနိမ့်အမြင့် အတက်အကျအပေါ်တွင်မူတည်၍ လုပ်ငန်းပြီးစီးအောင်မြင်မှုတိုင်းလည်း ကွာခြားနေမည်ဖြစ်သည်။ လသာတုန်း ဗိုင်းငင်တတ်သူသည် ငွေ၊ လုံ့လ၊ ဝီရိယရှိသူဖြစ်မည်။ အချိန်အခါ အခွင့်အလမ်းများကို စနစ်တကျအသုံးချတတ်သူသည် အောင်မြင်မှုအလီလီရယူနိုင်မည်မှာ မလွဲကေန်ပင်ဖြစ်မည်။ ပျင်းရိနေပြီး အချိန်ကိုတန်ဖိုးမထားလျှင် အောင်မြင်မှုလမ်းစပျောက်နေမည် ဖြစ်သည်။

ထို့အပြင် ဆင်းရဲနေမှုကို ပျင်းရိစွာခံယူမနေဘဲ အခက်အခဲများကြားမှ အသိပညာ၊ အတတ်ပညာတို့ကို ငွေ၊ လုံ့လ၊ ဝီရိယထားပြီး အချိန်ကို တန်ဖိုးထားခဲ့သူများပင် လူ့ဘောင်လောကတွင် အောင်မြင်နေသူ အများအပြားရှိနေသည်။ ပျင်းရိသော အလေ့အထစွဲသွားလျှင် ပြုပြင်ရန်ခက်ခဲသည်။ "သင်သည်သာ သင်ဘဝရဲ့ ဖန်တီးရှင်ဖြစ်တယ်"ဟု ကမ္ဘာကျော်စာရေးဆရာ ရှိတ်စပီးယားက ဆိုထားသည်။ ထိုစကားအတိုင်း မိမိဘဝခရီးလမ်းအတွက် မိမိကိုယ်တိုင်သာ လျှောက်လှမ်းရမှာ ဖြစ်သည်။

သို့ဖြစ်ရာ ငယ်ရွယ်စဉ်အချိန်အခါမှစတင်ကာ ပျင်းရိခြင်းအတွက် ဆိုးကျိုးများကို ဖယ်ရှားပြီး ငွေ၊ လုံ့လ၊ ဝီရိယကို ရှေ့တန်းတင် အချိန်ကို လေးစားတန်ဖိုးထားခြင်းဖြင့် အောင်မြင်တိုးတက်သော ဘဝကို တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကျင်းပ၊ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်



**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဈေးနှင့်သားသတ်ဌာနမှ ကြီးမှူး၍ ပြေးခုန်ပစ်အားကစား ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)အပြေးအားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပြေးခုန်ပစ်အားကစားပြိုင်ပွဲတွင် မီတာ(၂၀၀)အပြေးပြိုင်ပွဲ ကျား၊ မပြိုင်ပွဲများ၊ မီတာ(၁၀၀) အပြေးပြိုင်ပွဲ ကျား၊ မပြိုင်ပွဲများ၊ မီတာ(၇၅)သုံးချောင်းထောက် အပြေးပြိုင်ပွဲ(ကျား)၊ ဂုန်နီအိတ်စွပ် အားကစားပြိုင်ပွဲ(ကျား)၊ အပ်ထိုး(မ)ပြိုင်ပွဲ၊ ဆန်ကောရွက်(မ) ပြိုင်ပွဲ၊ အာလူးကောက်(မ)ပြိုင်ပွဲများကို နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပျော်ရွှင်စွာယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပြေးခုန်ပစ်အားကစားပြိုင်ပွဲ ဆုရရှိကြသူများကို ဆုပေးပွဲ ဆက်လက်ကျင်းပရာ မီတာ(၂၀၀)အပြေးပြိုင်ပွဲ ကျား၊ မပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိကြသူများ၊ မီတာ(၁၀၀) အပြေးပြိုင်ပွဲ ကျား၊ မပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို အတွင်းရေးမှူးက လည်းကောင်း၊ မီတာ(၇၅)သုံးချောင်းထောက် အပြေးပြိုင်ပွဲ (ကျား)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ ဂုန်နီအိတ်စွပ်အားကစားပြိုင်ပွဲ(ကျား) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ကော်မတီဝင်(၁)ကလည်းကောင်း၊ အပ်ထိုး(မ)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ ဆန်ကောရွက်(မ)ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများ၊ အာလူးကောက်(မ) ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ကော်မတီဝင်(၂)တို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲများကျင်းပ၊ ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် သန့်ရှင်းရေးဌာနမှ ကြီးမှူး၍ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ တတိယနေ့ရာလုပွဲနှင့် ဗိုလ်လုပွဲများကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ပိုက်ကျော်ခြင်းအားကစားကွင်းတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင် (၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် တတိယနေရာလုပွဲတွင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန (က)အသင်းနှင့် ရေနှင့်သန့်ရှင်းမှုဌာနအသင်း၊ ဒုတိယပွဲစဉ် ဗိုလ်လုပွဲတွင် ဈေးနှင့်သားသတ်ဌာန(က) အသင်းနှင့် သန့်ရှင်းရေးဌာန(က) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲတွင် ဆုပေးပွဲများ ကျင်းပရာ တတိယဆုရရှိခဲ့သည့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က) အသင်းကို ကော်မတီဝင်(၂)က ဆုကြေးငွေကျပ်တစ်သိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိခဲ့သည့် သန့်ရှင်းရေးဌာန(က)အသင်းကို ကော်မတီဝင်(၁)က ဆုကြေးငွေကျပ်တစ်သိန်းခွဲကို လည်းကောင်း၊ ပထမဆုရရှိခဲ့သည့် ဈေးနှင့်သားသတ်ဌာန(က)အသင်းကို အတွင်းရေးမှူးက ဆုကြေးငွေကျပ် နှစ်သိန်းတို့ကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဆုရရှိသည့် အသင်းများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**



**(မန္တလေးနေ့စဉ်-၃)**

## စစ်တုရင်ပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်




**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စီမံရေးရာဌာနမှကြီးမှူး၍ အမျိုးသားစစ်တုရင်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမတွင် ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အမျိုးသားစစ်တုရင်ပြိုင်ပွဲ ပွဲစဉ်များကို ဌာနပေါင်းစုံမှ ပြိုင်ပွဲဝင် ၂၈ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး အုပ်စု(၇)စုခွဲပြီး ယှဉ်ပြိုင်ကြရာ ယနေ့ နံနက်ပိုင်းတွင် အုပ်စုသုံးစု အကြိတ်အနယ်ဆက်လက်ယှဉ်ပြိုင်ကြရာ ပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး စစ်တုရင် အားကစားဆပ်ကော်မတီမှ ဒိုင်လူကြီးများက ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် စစ်တုရင်ဥပဒေများနှင့်အညီ ကြီးကြပ်ပေးခဲ့သည်။

အားကစားသမားများ ယှဉ်ပြိုင်မှုအပြီးတွင် စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ဦးဇော်ဇော်မင်းက ၇ပွဲကစား ၆မှတ်ဖြင့် ပထမ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ဦးဘိုနီက ၇ပွဲကစား ၅မှတ်ခွဲဖြင့် ဒုတိယ၊ အခွန်ဌာနမှ ဦးအောင်သန်းမင်းက ၇ပွဲကစား ၅ မှတ်ခွဲဖြင့် တတိယ အသီးသီးရရှိကြရာ စီမံရေးရာဌာန ဌာနမှူး ဦးမောင်မောင်မြင့်က ဆုရရှိသူများကို အသီးသီးဆုများ ချီးမြှင့်ပေးခဲ့ပြီး ပြိုင်ပွဲကြီးကြပ်ပေးသည့် ဒိုင်လူကြီးများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ဓာတ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ တိုးတက် ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ချစ်ကြည်ရေးတံတားမှတစ်ဆင့် နှစ်နိုင်ငံပြည်သူများ ကူးလူးဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်နိုင်မည့် အခြေအနေများ၊ အပြန်အလှန် ကုန်သွယ်မှုများမြှင့်တင်ရေး ခရီးသွားလုပ်ငန်းများတိုးတက်စေရေးအတွက် လေကြောင်းတိုက်ရိုက် ပျံသန်းမှုများ တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ ပညာတော်သင်များ အပြန်အလှန် စေလွှတ်လျက်ရှိမှုနှင့် ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်



## သံအမတ်ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



## စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG ဦးဆောင်သော အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်သည်တော်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

○ ရှေ့ဖုံးမှ

ပြိုင်ပွဲဝင် အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ တပ်မတော်သားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ အနုပညာရှင်များ၊ ကျောင်းသား ကျောင်းသူများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ နိုင်ငံကျော် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် ဧည့်သည်တော်များသည် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်အမျိုးသား အားကစားပွဲတော် ဘောလုံး အားကစားပြိုင်ပွဲ ဗိုလ်လုပွဲ အဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါပွဲစဉ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီး ဌာနအသင်းတို့သည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့်အသင်း များဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဖိအားပေး ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပွဲကစားချိန် ၈၇ မိနစ်တွင် သွင်းယူခဲ့သည့် တစ်လုံးတည်းသော အဖိုးတန် အနိုင်ဂိုးဖြင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဘောလုံး အားကစားပြိုင်ပွဲ ဗိုလ်လုပွဲအပြီးတွင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအား ကစားပွဲတော် ပိတ်ပွဲအခမ်း အနားကို စတင်ကျင်းပရာ မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန် ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်း အထိမ်းအမှတ် အဖြစ် "ရိုးရာအမွေလက်ဆင့်ကမ်း အတာသင်္ကြန် တစ်ခေတ်ဆန်း" အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော် တင်ဆက်ကြမှုကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအား တံခွန်စိုက်ဆုဖလားကြီး ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဉ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော် ကျင်းပဆောင်ရွက် ခဲ့မှုအား ရိုက်ကူးတင်ဆက်ထား သည့် "အားကစားမြှင့်တင်ခြင်း သည် နိုင်ငံတော်ကို ကာကွယ် စောင့်ရှောက်နေခြင်းဖြစ်သည်" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအား ကစားပွဲတော်တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများ နှင့် တိုင်းဒေသကြီး၊ ပြည်နယ် များမှ ပြိုင်ပွဲဝင်အားကစားအသင်း များမှ အားကစားသမားများသည် ကွင်းအတွင်းသို့ ဝင်ရောက်နေရာ ယူကြသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် တံခွန်စိုက်ဆု ဖလားရရှိသည့် ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသင်း များအား ဆုချီးမြှင့်ကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဗိုလ်ချုပ်ကြီး မြထွန်းဦးတို့က အကောင်းဆုံးဂိုး သမားဆု၊ အကောင်းဆုံး နောက်တန်း အားကစားသမားဆု၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆု၊ အကောင်း ဆုံးရှေ့တန်း အားကစားသမားဆု၊ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး အားကစားသမားဆု ရရှိကြသူ များအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ် များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန အသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ် များကိုလည်းကောင်း၊ အတွင်း ရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်း ဒွေးက ဒုတိယဆုရရှိသည့် စီမံ ကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များနှင့် အမျိုးသားအား ကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကိုလည်း ကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပထမ ဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းအား တစ်ဦး ချင်းဆုတံဆိပ်များနှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် လာဘ်ကောင်ရုပ်များကို ပေးအပ် ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်က ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် မသန်စွမ်း အားကစားပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသည့် ဧရာ ဝတီတိုင်းဒေသကြီးအား တံခွန် စိုက် ဆုဖလားကြီးကိုလည်း ကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသ ကြီးအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအား တံခွန် စိုက်ဆုဖလားကြီးကို လည်း ကောင်း၊ ဝန်ကြီးဌာနအဆင့် အားကစားပြိုင်ပွဲတွင် တံခွန်စိုက် ဆုဖလားရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းအား တံခွန် စိုက်ဆုဖလားကြီးကို လည်း ကောင်း ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၅ သို့ ○

**အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူ အကျိုးအတွက် ထမ်းဆောင်နေကြသူများဖြစ်၊ နိုင်ငံသူနိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထားအသိအမှတ်ပြု**



မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အား ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရခြင်းအထိမ်းအမှတ်အဖြစ် "ရိုးရာအမွေ လက်ဆင့်ကမ်း အတာသင်္ကြန် တစ်ခေတ်ဆန်း" အစီအစဉ်ဖြင့် သီဆိုသရုပ်ဖော်တင်ဆက်စဉ်။

○ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့တွင် ဒီဇင်ဘာ ၂ ရက်မှ စတင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း၊ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများအတွက် အားကစားနည်းသားလုံး၏ ကြံ့ခိုင်သန်စွမ်းမှုနှင့် စွမ်းအားများ ဝင့်ကြွားခဲ့ထည်မှုကို ပြသနိုင်ခဲ့သည့် ပွဲတော်ကြီးဖြစ်သည်ဟုလည်း ဆိုရမည်ဖြစ်ကြောင်း။

မြန်မာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ယခုအမျိုးသားအားကစားပွဲတော်တွင် နိုင်ငံတော်၊ ပြည်သူလူထုနှင့် သက်ဆိုင်သည့်စကားအချို့ကို ပြောလိုပါကြောင်း၊ **မိမိတို့ အမိမြန်မာနိုင်ငံတော်အတွင်း စုပေါင်းနေထိုင်ကြသည့် နိုင်ငံသားတိုင်းသည် မိမိတို့ ကဏ္ဍအလိုက် ကျရာတာဝန်များကို နိုင်ငံတော်နှင့် ပြည်သူအကျိုး**တည်ရှိနေမည့် အားကစားပွဲများမှ နိုင်ငံသားတိုင်း၏ နိုင်ငံချစ်စိတ်၊ နိုင်ငံအပေါ်ဂုဏ်ယူလိုစိတ်များကို တိုးတက်စေနိုင်မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်တွင်း၊ ပြည်ပအန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများဖြင့် ကြုံတွေ့နေရချိန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသာမက မဟာဗျူဟာအချက်အချာကျသည့် ကမ္ဘာ့နိုင်ငံငယ် အများစုသည်လည်း ယင်းအခြေအနေနှင့် ကြုံနေရကြောင်း၊ ထိုကဲ့သို့အဘက်ဘက်မှ ထိုးနှက်တိုက်ခိုက်နေမှုများအပေါ်

စာမျက်နှာ ၆ သို့ ○





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်သည်တော်များ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင် အားကစားသမားများ ကွင်းအတွင်း ဝင်ရောက်နေရာယူမှုကို ကြည့်ရှုအားပေးစဉ်။

ခြောက်မျိုး၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲတွင် အားကစားနည်း၂၃ မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မသန်စွမ်းအားကစားပြိုင်ပွဲအားကစားနည်းလေးမျိုး သတ်မှတ်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးတွင် အားကစားသမား၊ အုပ်ချုပ်သူ၊ နည်းပြ၊ ဒိုင်လူကြီး စုစုပေါင်း ၁၀၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယခုပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်ကြီးသည်လည်း ယခင်ကျင်းပပြီးစီးခဲ့သည့် အမျိုးသား အားကစားပွဲတော်များနည်းတူ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်ကို တွေ့ရကြောင်း။

ယခု အားကစားပွဲတော်ကြီးတွင် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၊ နေပြည်တော်ကောင်စီနှင့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့မှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဆုံစည်းမှုသည် သာမန်ဆုံစည်းမှုမဟုတ်ကြောင်း၊ သန့်ရှင်းမွန်မြတ်သည့် အားကစားစိတ်ဓာတ်ကို အခြေခံပြီး တရားမျှတသည့် ယှဉ်ပြိုင်မှုများဖြင့် ရင်းနှီးချစ်ကြည်စွာ ဆုံစည်းခဲ့ကြခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း အားကစားပြိုင်ပွဲသက်သက် ကျင်းပခြင်းထက်ပိုသည့် အမျိုးသားလှုပ်ရှားမှု၊ အမျိုးသားအားမာန်တို့ကို ထုတ်ဖော်ပြသသည့်ပွဲတော်၊ စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှုကို ပြသနိုင်သည့်ပွဲတော်၊ တစ်မျိုးအတွက်ထမ်းဆောင်နေကြသူများဖြစ်ကြကြောင်း၊ **နိုင်ငံသူနိုင်ငံသားတိုင်း၏ တိုင်းချစ်ပြည်ချစ်စိတ်ကို ယခုနေရာမှ အလေးထားအသိအမှတ်ပြု**ကြောင်းကို ပြောကြားလိုကြောင်း၊ နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အနိုင်ရရှိသည့်အခါ၌ မိမိနိုင်ငံ၏ အလံနှင့် နိုင်ငံတော်သီချင်းလွှင့်တင်ပြီး နိုင်ငံတကာအလယ်တွင် ဂုဏ်ပြုခံရခြင်းထက် ဂုဏ်ယူဖွယ်၊ ဝမ်းမြောက်ဖွယ်ကောင်းသည်မှာ မရှိပါကြောင်း၊ အားကစားနှင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နေခြင်းဖြစ်ကြောင်း၊ မြန်မာဟူသည့်စိတ်ကို နိုးထစေပြီး နိုင်ငံကိုကာကွယ်နေခြင်းပင် ဖြစ်ကြောင်း၊ နှစ်စဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆု တံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင်အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တတိယဆုရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ် လာဘ်ကောင် အရုပ်များ ပေးအပ်ချီးမြှင့်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

○ စာမျက်နှာ ၅ မှ

ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ပေါင်းစည်းအား၊ ညီညွတ်သောစိတ်ဓာတ်တို့ဖြင့် ကာကွယ်ရန်လိုကြောင်း၊ အထူးအလေးအနက်ထား ပြောကြားလိုသည်မှာ ထိုကဲ့သို့ အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်းကို ပြောကြားလိုကြောင်း၊ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်၊ အမျိုးသားရေးကြွခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကို တိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင် ကာကွယ်ပေးနေသည့် သူရဲကောင်းများ ရှိနေခြင်းကြောင့်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ပြည်သူများကို ကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထား ဦးညွတ်ဂုဏ်ပြု မှတ်တမ်းတင်ပါကြောင်းကို ပြောကြားလိုကြောင်း။

ယခုပြိုင်ပွဲကြီး ဖြစ်မြောက်အောင် ကဏ္ဍအသီးသီးမှ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများကို နိုင်ငံတော်အဆင့် ခမ်းခမ်းနားနားကျင်းပနိုင်အောင် စီမံဆောင်ရွက်ပေးခဲ့ကြသူများနှင့် ပါဝင်ဆောင်ရွက်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဝန်ထမ်းများ၊ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင် တာဝန်ထမ်းဆောင်ပေးခဲ့ကြသည့် အားကစားအဖွဲ့ချုပ်များမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဒိုင်များ၊ ဂျူရီများ၊ အုပ်ချုပ်သူများ၊ နည်းပြများနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားသမားများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ပြောကြားလိုကြောင်း။

ယခုပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ကျင်းပခဲ့ခြင်းသည် လာမည့် ၂၀၂၅ ခုနှစ်တွင် ထိုင်းနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ်အတွင်း ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၁၃) ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ

စာမျက်နှာ ၇ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး အကောင်းဆုံး အလယ်တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အကောင်းဆုံး နောက်တန်းအားကစားသမားဆုရရှိသူအား ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်စဉ်။

- ❖ **အခက်အခဲများအကြား နိုင်ငံ၏နေရာဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၏နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကို အသိအမှတ်ပြုဂုဏ်ပြု**
- ❖ **တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်၊ အမျိုးသားရေးကြွခိုင်မှုနှင့် စိတ်ဓာတ်ခွန်အားကိုတိုးတက်စေမည့် ယခုအမျိုးသားအားကစားပွဲတော်ကြီးကို ယခုကဲ့သို့ကျင်းပနိုင်၊ စုစည်းနိုင်ခဲ့ခြင်းမှာလည်း မိမိတို့နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနေသည့် သူရဲကောင်းများရှိနေခြင်းကြောင့်ပင်ဖြစ်**
- ❖ **မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ ပြည်သူများကိုကာကွယ်ရင်း အသက်ပေးလှူ ကျဆုံးသွားခဲ့ရသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်မှုထမ်းအဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အခြားနိုင်ငံ့သားကောင်းများအားလုံးကို အထူးအလေးထား ဦးညွတ်ဂုဏ်ပြုမှတ်တမ်းတင်**



၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခြင်းအထိမ်းအမှတ် မီးရှူးမီးပန်းများ ပစ်ဖောက်စဉ်။

○ စာမျက်နှာ ၆ မှ

အားကစားပြိုင်ပွဲတို့တွင် အောင်မြင်မှုများရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပြိုင်ပွဲကြီးမှရွေးချယ်ရရှိသည့် အရည်အချင်းမီ အားကစားသမားများကို ပြန်လည်စုဖွဲ့လေ့ကျင့်ပြီး ရည်ရွယ်ချက်များအတိုင်း ပေါက်မြောက်အောင်မြင်စေရေးအတွက် ဆက်လက်ကြိုးပမ်း အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် အားကစားမောင်တို့မယ်တို့အနေဖြင့် လေ့ကျင့်သားပြည့်ဝမှု၊ စံချိန်စံညွှန်းကောင်းမွန်မှု၊ ဉာဏ်ရည်ထက်မြက်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွဲလုံ့လရှိမှု၊ စည်းကမ်းလိုက်နာမှု၊ စာရိတ္တကောင်းမွန်မှု၊ အပြန်အလှန် နားလည်မှု၊ နွေးထွေးသည့် ချစ်ကြည်ရင်းနှီးမှု၊ ပွင့်လင်းသည့် အမြင်ချင်းဖလှယ်မှုများဖြင့် အားကစားကဏ္ဍမှသည် ဖွံ့ဖြိုးတိုးတက်သည့် လူမှုအသိုက်အဝန်းဆီသို့ တက်လှမ်းနိုင်ကြပါစေကြောင်း၊ လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်ကြပါစေကြောင်း၊ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်ပေးနိုင်သူများဖြစ်ကြပါစေကြောင်းကို ဆန္ဒပြုတိုက်တွန်းပါကြောင်း ပြောကြားပြီး ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်သိမ်းကြောင်း ကြေညာသည်။

ထိုသို့ ပိတ်သိမ်းကြောင်းကြေညာလိုက်သည်နှင့် တစ်ပြိုင်နက် ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ခဲ့ကြသည်။ ထို့ပြင် ဒီဇင်ဘာ ၉ ရက်နေ့ ဖွင့်ပွဲအခမ်းအနား ကျင်းပချိန်တွင် မြန်မာ့လက်ရွေးစင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ လက်ဆင့်ကမ်းသယ်ဆောင်ထွန်းညှိခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၏ အရှေ့တောင်ထောင့် အပေါ်ဆုံးတွင်ရှိသည့် ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ပင်မအထိမ်းအမှတ် မီးရှူးတိုင်ကိုလည်း တစ်ပြိုင်တည်း မီးငြိမ်းသတ်ခဲ့သည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်အလံကိုတိုင်ထိပ်မှချ၍ ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်သွားကြပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် နိုင်ငံတော်စစ်တီးဝိုင်းတို့သည်လည်း ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထို့အတူ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာ အကများဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခြင်းနှင့် ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲသီချင်း "ရွှေပြည်တော်သို့ တို့အတူ"သီချင်းကို သီဆိုဖျော်ဖြေတင်ဆက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခဲ့သည်။



နိုင်ငံတော်
စီမံအုပ်ချုပ်ရေး
ကောင်စီအဖွဲ့ဝင်
ဗိုလ်ချုပ်ကြီး ညိုစော
အကောင်းဆုံး
ဂိုးသမားဆု
ရရှိသူအား
ဂုဏ်ပြုဆုနှင့်
ဆုတံဆိပ်
ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ၊ မသန်စွမ်းအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် အားကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး အခမ်းအနားအောင်မြင်စွာပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများကို ပစ်ဖောက်ကြသည်။

ပထမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်တွင် မေ ၃ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၂ နည်းဖြင့် လည်းကောင်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ်တွင် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၆ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၄ နည်းဖြင့် လည်းကောင်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ်တွင် ဇန်နဝါရီ ၁၁ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့၌ အားကစားနည်း ၂၉ နည်းဖြင့် လည်းကောင်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ်တွင် ဖေဖော်ဝါရီ ၁၃ ရက်မှ ၂၈ ရက်အထိ နေပြည်တော်၌ အားကစားနည်း ၂၇ နည်းဖြင့်လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်တွင် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကိုနိုင်ငံတော်၏အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံး အားကစားကို ပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် နေပြည်တော်၌ ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်းနှင့် မသန်စွမ်းအားကစားနည်း လေးနည်း စုစုပေါင်း ၃၃ နည်းတို့ဖြင့် ဒီဇင်ဘာလ အစောပိုင်းမှစတင်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် အောင်မြင်စွာဖြင့် ပိတ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။

## ထိပ်ဆုံးကတို့အလံ

❁ အမျိုးသားအားကစားပွဲတော်ကြီး
ပြီးမြောက်လို့ အောင်မြင်ပြီ၊
အောင်လံထူ အောင်သံပေးတဲ့
အောင်တေးကိုယ်စီ၊
"သီကြွေးကြ သံပြိုင်ညီ
ခိုင်ကျည်တဲ့ လေ့ကျင့်အား"။
"အားကစားနည်း အလီလီ
တစ်ဦးချင်းစီ ထုတ်ဖော်သွား"။
ကစားပုံ နည်းစုံကျွမ်းတယ်
စွမ်းရည်မြင့်မား။

❁ ပြိုင်ပွဲဝင် မောင်မယ်များရဲ့
အားကစား စိတ်ဓာတ်ခိုင်
ဇွဲကမထျိုင်၊
ပြိုင်ဘက်နဲ့ယှဉ်ပြိုင်
အနိုင်မခံ အရှုံးမပေး။
မျက်စိရှင် လျင်မြန်သွက်
ဉာဏ်ထက်တယ်လေး။

❁ အားကစား ပွဲတော်ကြီးက
ရွှက်ပုန်းသီး မြောက်မြားစွာ
တောက်ကြွားလို့လာ၊
မျိုးဆက်သစ် ပွားတိုးကာ
အားကိုးစရာ ရတနာများ။
အားကစားအမွေ လက်ဆင့်ကမ်းလို့
ထမ်းမည့်အင်အား။

❁ အားကစားအဓိဋ္ဌာန် ဦးထိပ်ရွက်
သစ္စာလေးချက် စောင့်ထိန်းကာ၊
အားကစား ကျင့်ဝတ်များ
လေးစားလိုက်နာ၊
ကိုယ့်နိုင်ငံ အလံလွှင့်ပါလို့
အမြင့်ဆုံး တည်ဖို့ရာ
အားခဲကာ ကြိုးပမ်း။
နိုင်ငံတကာ ယှဉ်ပြိုင်ပွဲမှာလ
ပိုင်နိုင်စွာ ရင်ဆိုင်ရဲပါတဲ့
ခိုင်သန်မာ မြန်မာဇွဲရယ်နဲ့
နွဲလိုက်ကြစမ်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၉ / ၂၀၂၄)**

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့ စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရုပ်ရှင်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဓ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) **ရုပ်ရှင်** ဆိုသည်မှာ နည်းပညာတစ်ရပ်ရပ်ဖြင့် ရုပ်ငြိမ်ကိုဖြစ်စေ၊ ရုပ်ပုံလှုပ်ရှားခြင်းကိုဖြစ်စေ၊ ရုပ်ပုံနှင့်အသံကိုဖြစ်စေ ထွက်ပေါ်စေခြင်းနှင့် ထိုကဲ့သို့ ထွက်ပေါ်စေရန် နည်းပညာတစ်ရပ်ရပ်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လုပ်ခြင်းနှင့် ပြသခြင်းတို့ကို ဆိုသည်၊

(ခ) **ရုပ်ရှင်ကား** ဆိုသည်မှာ ရုံတင်ပြသရန်သော်လည်းကောင်း၊ ရုံတင်ပြသပြီးနောက် နည်းပညာတစ်ရပ်ရပ်ဖြင့် ဖြန့်ချိရန်သော်လည်းကောင်း၊ ရုံတင်ပြသခြင်းမပြုဘဲ အိမ်သုံးအဖြစ်သော်လည်းကောင်း၊ ရုပ်မြင်သံကြားနှင့် အင်တာနက် (Internet) မှ ထုတ်လွှင့်ပြသရန်သော်လည်းကောင်း၊ ပြိုင်ပွဲဝင်ရန်အတွက်သော်လည်းကောင်း ရိုက်ကူးထုတ်လုပ်ထားသော ဇာတ်လမ်းကား၊ မှတ်တမ်းကား၊ ဇာတ်သဘင်၊ အငြိမ့်၊ ပြဇာတ်၊ တေးဂီတရုပ်ရှင်ကား၊ ဇာတ်လမ်းတို သို့မဟုတ် ဇာတ်လမ်းတွဲကိုဆိုသည်၊

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကို ဆိုသည်။"

(ခ) ပုဒ်မခွဲ (ဓ) ၏နောက်တွင် ပုဒ်မခွဲ (ဈ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) **ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်** ဆိုသည်မှာ ရုပ်ရှင်ကားတစ်ကား ရိုက်ကူးထုတ်လုပ်ရာတွင် အနုပညာပိုင်းဆိုင်ရာသော်လည်းကောင်း၊ အတတ်ပညာပိုင်းဆိုင်ရာသော်လည်းကောင်း ပါဝင်ရသည့် ဒါရိုက်တာများ၊ သရုပ်ဆောင်များ၊ ဇာတ်ညွှန်းရေးသူများ၊ တေးဂီတဖန်တီးသူများ၊ တည်းဖြတ်သူများ၊ ရိုက်ကွင်းစီစဉ်သူများ၊ ထုတ်လုပ်ရေးမန်နေဂျာများနှင့် ရုပ်ရှင်ကားတစ်ကား ထုတ်လုပ်ရာတွင် လိုအပ်ချက်အရ နည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီးပါဝင်သူများကို ဆိုသည်။"

၃။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၃ တွင်-

(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့် စကားရပ်ကို "မြန်မာ့ရုပ်ရှင်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်၊

(ခ) ပုဒ်မခွဲ (ဃ) တွင်ပါရှိသော "ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ပညာသည်များ" ဆိုသည့် စကားရပ်ကို "ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၄ ခြေဆင်း၊ ပုဒ်မ ၇၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ခြေဆင်း၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၆ နှင့် ပုဒ်မ ၃၉ ပုဒ်မခွဲ (က)နှင့်(ခ) တို့တွင် ပါရှိသော "မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့် စကားရပ်များကို "ဦးစီးဌာန" ဆိုသည့် စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၅။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၄ ပုဒ်မခွဲ (ဓ) ၏နောက်တွင် ပုဒ်မခွဲ(ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)နှင့်(ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ရုပ်ရှင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း၊

(ည) ရုပ်ရှင်ရိုက်ကူးရေးသုံးပစ္စည်းများငှားရမ်းခြင်း၊

(ဋ) ရုပ်ရှင်ထုတ်လုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်း၊

(ဌ) ရုပ်ရှင်စတူဒီယို(Studio)တည်ထောင်လုပ်ကိုင်ခြင်း၊

(ဍ) ရုပ်ရှင်ကား အရုပ်၊ အသံကူးပြောင်းမှုနှင့် အထူးပြုလုပ်ချက်များ ဆောင်ရွက်ခြင်း၊

(ဎ) အွန်လိုင်း(Online) ရုပ်ရှင်ရုံတည်ထောင်ခြင်း၊ အက်ပလီကေးရှင်းများ(Applications} အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း၊ အွန်လိုင်းပလက်ဖောင်းများ (Online Platforms) အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်း။"

၆။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅။ ဦးစီးဌာနသည် လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်၍ ရုပ်ရှင်လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းတို့ကို ပြန်ကြားရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။"

၇။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ ဦးစီးဌာနသည် ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။"

၈။ ရုပ်ရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) တို့တွင် ပါရှိသော "ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့် စကားရပ်ကို "ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ရုပ်ရှင်ဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄) နှင့် ပုဒ်မ ၁၉ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၅) တို့တွင် ပါရှိသော "ညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း" ဆိုသည့်စကားရပ်ကို "ညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၉။ ရုပ်ရှင်ဥပဒေပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ ဦးစီးဌာနသည် ရုပ်ရှင်ရုံလိုင်စင်ရရှိသူ လိုက်နာရမည့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။"

၁၀။ ရုပ်ရှင်ဥပဒေအခန်း(၆)၏နောက်တွင်အခန်း (၇) နှင့်အခန်း (၈) တို့ကိုအောက်ပါအတိုင်းအစားထိုးရမည်-

**အခန်း(၇)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း**

၃၀။ ဦးစီးဌာနသည် ပုဒ်မ ၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်လုပ်ငန်းလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်သုံးသိန်းထိချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်လုပ်ငန်းလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၁။ ဦးစီးဌာနသည် ပုဒ်မ ၂၈ အရ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သော ရုပ်ရှင်ရုံလိုင်စင်ရရှိသူအား ဒဏ်ကြေးငွေအနည်းဆုံး ကျပ်သုံးသောင်းမှ အများဆုံး ကျပ်နှစ်သိန်းထိ ချမှတ်ရမည်။ ထို့ပြင် ရုပ်ရှင်ရုံလိုင်စင်ကိုလည်း ရုပ်သိမ်းနိုင်သည်။

၃၂။ ဦးစီးဌာနသည် နိုင်ငံနှင့်လူမျိုး အကျိုးစီးပွားကို ထိခိုက်စေရန် လှုံ့ဆော်ခြင်း၊ စည်းရုံးခြင်း သို့မဟုတ် ဟောပြောခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်အကြည်ညိုပျက်စေရန် ပြုမူပြောဆိုခြင်း၊ ကြေညာခြင်း သို့မဟုတ် လှုံ့ဆော်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်ဆန့်ကျင်သော မည်သည့်လှုပ်ရှားမှုမျိုးမဆို ပါဝင်ပတ်သက်ခြင်းကိုသော်လည်းကောင်း ပြုသည့် မည်သည့်ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်ကိုမဆို အောက်ပါ စီမံခန့်ခွဲရေး အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) မည်သည့်ရုပ်ရှင်ကား ထုတ်လုပ်ရာတွင်မဆို ပါဝင်လုပ်ကိုင်ခြင်းကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်ထိ ကန့်သတ်တားမြစ်ခြင်း။

၃၃။ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားရေးဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၃၄။ ပြန်ကြားရေးဝန်ကြီးဌာနသည် အယူခံခြင်းနှင့်စပ်လျဉ်း၍ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကိုဖြစ်စေ၊ အမိန့်ကိုဖြစ်စေ၊ အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ပြန်လည်စိစစ်စေရန် သို့မဟုတ် စစ်ဆေးစေရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၃၅။ ပြန်ကြားရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၆။ ဦးစီးဌာနက ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အယူခံမဝင်ပါက အယူခံကာလကုန်ဆုံးသောအခါ ဦးစီးဌာန၏ ဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်စေရမည်။

**အခန်း(၈)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၇။ မည်သူမဆို ပုဒ်မ ၁၄ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ် ချမှတ်ရမည်။

၃၈။ မည်သူမဆို-

(က) အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သောသက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်-

(၁) ရုပ်ရှင်လုပ်ငန်းလိုင်စင်မရှိဘဲ ပုဒ်မ ၄ ပါ လုပ်ငန်းအမျိုးအစား တစ်မျိုးမျိုးကို လုပ်ကိုင်ခြင်း၊

(၂) ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိသော ရုပ်ရှင်ကားကို ပြသခြင်း။

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုများကို ထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းနှစ်ဆယ်မှ အများဆုံး ကျပ်သိန်းသုံးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၃၉။ မည်သူမဆို ပြည်တွင်း၌ ရိုက်ကူးထားသည့် ရုပ်ရှင်ကားကို ရုပ်ရှင်ဆင်ဆာလက်မှတ်မရှိဘဲ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပ၌ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၄၀။ မည်သူမဆို ရုပ်ရှင်ဆင်ဆာအဖွဲ့၏ ဖြတ်တောက်ရန် သို့မဟုတ် ပြုပြင်ရန် ညွှန်ကြားချက်ကို လိုက်နာခြင်းမပြုဘဲ ရုပ်ရှင်ကားကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၁။ မည်သူမဆို-

(က) ရုပ်ရှင်ရုံလိုင်စင်မရှိဘဲ ရုပ်ရှင်ပြသခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်ခုနစ်သိန်းမှ အများဆုံး ကျပ်တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

စာမျက်နှာ ၉ သို့



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသား နှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

စာမျက်နှာ ၈ မှ

(ခ) ပုဒ်မခွဲ(က)ပါ ပြစ်မှုကိုထပ်မံဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ငါးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းနှစ်ဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်း သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။"

၁၁။ ရုပ်ရှင်ဥပဒေ မူလပုဒ်မ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့ကို ပုဒ်မ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉ နှင့် ၅၀ တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၁၂။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၆ ၏နောက်တွင် ပုဒ်မ ၄၆-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၆-က။ ဤဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်းသည် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အရေးယူပိုင်ခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိစေရ။"

၁၃။ ပြန်လည်အမှတ်စဉ်ထားသည့် ရုပ်ရှင်ဥပဒေ ပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြန်ကြားရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ပြန်ကြားရေးဝန်ကြီးဌာန၊ ဦးစီးဌာန၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ သို့မဟုတ် အကဲဖြတ်အဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၅၇ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်အေးအေးမော်အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၅၈ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

**ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးကြည်အား ကချင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် လာအိုနိုင်ငံသံအမတ်ကြီးတို့ကို သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E.Mr.CHENG Manith ကို ယနေ့မွန်းလွဲ ၁နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H.E.Mr. Bounphieng CHANTHAVONG ကို မွန်းလွဲ ၁နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေး၊ ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် နယ်ပယ်စုံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာစာမျက်နှာများတွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

လာအိုနိုင်ငံသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို တည်ရှိပြီး နှစ်နိုင်ငံယန္တရားများမှတစ်ဆင့် ပိုမိုခိုင်မာစေရေး၊ နှစ်နိုင်ငံဘုံအကျိုးဖြစ်ထွန်းစေမည့် ကုန်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်စွမ်းအား အစရှိသည့်ကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။(အပေါ်ပုံ)

သတင်းစဉ်



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပမှုမြင်ကွင်း



နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အလံကို ကွင်းအတွင်းမှ ပြန်လည်သယ်ဆောင်ကြစဉ်။



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က စွမ်းရည်ပြသစဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက ကယားပြည်နယ်၏ ရိုးရာတူရိယာ ကယားဖားစည်ပုံစံကို ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက ချင်းပြည်နယ်၏ အသဲပုံရိဒ်ရေကန်ပုံစံကို ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက အေရိုးဗစ်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။



တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားများက မွန်တိုင်းရင်းသား ရိုးရာ လခြမ်းတူရိယာပုံစံကို ရိုးရာအကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။





၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးနေကြသည့် ပရိသတ်များကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံစီးပွားမြှင့်တင်ရေးအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများအား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကွင်းဆင်းစစ်ဆေး

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ကျောက်ဆည်ခရိုင်နှင့် မိတ္ထီလာခရိုင်အတွင်းရှိ နိုင်ငံစီးပွားမြှင့်တင်ရေးကို အထောက်အကူပြုလျက်ရှိသော ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာနှစ်ရွာမှ လူဦးရေ ၁၀၃၇ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၀၀ အကျိုးပြုပေးနိုင်မည့် ရွာသစ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းနှင့် စိုက်ပျိုးမြေ ဧက ၈၀၀ အကျိုးပြုပေးနိုင်မည့် အုန်းလက်ကောက်ကျေးရွာကုန်ထုတ်လမ်း ဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ပြီး Myanmar New Power ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပျားစွဲ(အနောက်)ကျေးရွာ၊ လူးခင်းကျေးရွာ၊ ဘုတ်ကုန်းကျေးရွာနှင့် ပျားစွဲ(အရှေ့) ကျေးရွာ စုစုပေါင်း ကျေးရွာ လေးရွာရှိ လူဦးရေ ၂၄၄၈ ဦးတို့၏ စိုက်ပျိုးမြေဧက ၄၂၅ ဧကကို အကျိုးပြုပေးနိုင်မည့် ပျားစွဲ(အနောက်) ကျေးရွာကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေအားလည်းကောင်း ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီး ကုန်ထုတ်လမ်းများ ရေရှည်ကောင်းမွန်စေရေး ကျေးရွာလမ်း ကော်မတီဝင်များက ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျေးရွာ(၃)ရွာရှိ လူဦးရေ ၁၁၄၆ ဦးတို့၏ စိုက်ပျိုးမြေဧက ၃၀၀ အကျိုးပြုပေးနိုင်မည့် မြင်းကန်ကျေးရွာအုပ်စု ဆည်ကုန်းကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှု အခြေအနေအားလည်းကောင်း၊ ကန်တောင်ကျေးရွာအုပ်စု၊ မုန့်ပင်ဆည်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်း(RBF) ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် အစုအဖွဲ့ (၄)ဖွဲ့မှ သမဝါယမအစုအဖွဲ့စနစ်ဖြင့် နိုင်ငံခြားမျိုး(ဖရီရှန်)နို့စားနွား ၁၂ ကောင် မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာနိုင်ငံသည် စိုက်ပျိုးရေးမွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံး အခန်းကဏ္ဍဖြစ်ပြီး နို့စားနွားမွေးမြူရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် အကောင်အထည် ဆောင်ရွက်သွားကြရန်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။



(အပေါ်ပုံ)

(စိုးမိုးကျော်)

၀-၀-၀-၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက်နှစ်ပတ်လည်နေ့အထိမ်းအမှတ် လွန်ဆွဲအားကစားပြိုင်ပွဲများ ကျင်းပ





**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှကြီးမှူး၍ အမျိုးသားလွန်ဆွဲအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် အကြိုဗိုလ်လုပွဲစဉ်များကို ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြည့်ရှုအားပေးကြသည်။

အမျိုးသားလွန်ဆွဲပြိုင်ပွဲ ပထမပွဲစဉ်တွင် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအသင်းနှင့် အဆောက်အအုံနှင့် ကုန်ရုံဌာနအသင်း၊ ဒုတိယပွဲစဉ်တွင် စက်ရုံနှင့် မော်တော်ယာဉ်ဌာန(က) အသင်းနှင့် ဈေးနှင့်သားသတ်ဌာနအသင်းတို့နှင့် အမျိုးသမီးအကြိုဗိုလ်လုပွဲစဉ် ပထမပွဲစဉ်တွင် ဈေးနှင့်သားသတ်ဌာနအသင်းနှင့် စက်ရုံနှင့် မော်တော်ယာဉ်ဌာနအသင်း၊ ဒုတိယပွဲစဉ်တွင် သန့်ရှင်းရေးဌာနအသင်းနှင့် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

လွန်ဆွဲပြိုင်ပွဲတွင် အမျိုးသားအသင်း(၁၁)သင်းနှင့်အမျိုးသမီးအသင်း(၈)သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဒီဇင်ဘာ (၂၂) ရက်နေ့တွင် အမျိုးသားလွန်ဆွဲပြိုင်ပွဲများ တတိယနေရာလုပွဲကို အဆောက်အအုံနှင့် ကုန်ရုံဌာနအသင်းနှင့် စက်ရုံနှင့် မော်တော်ယာဉ်ဌာနအသင်းတို့ကလည်းကောင်း ဗိုလ်လုပွဲကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအသင်းနှင့် ဈေးနှင့်သားသတ်ဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အမျိုးသမီးလွန်ဆွဲပြိုင်ပွဲတွင် တတိယနေရာလုပွဲကို စက်ရုံနှင့် မော်တော်ယာဉ်ဌာနအသင်းနှင့် သန့်ရှင်းရေးဌာနအသင်းတို့ကလည်းကောင်း၊ ဗိုလ်လုပွဲကို ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအသင်းနှင့်ဈေးနှင့်သားသတ်ဌာနအသင်းတို့အသီးသီးယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်းသိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဖူဆယ်အားကစားပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ(၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အခွန်ဌာနမှကြီးမှူး၍ ဖူဆယ်အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ဖူဆယ်ဘောလုံးအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဌာနမှူးများ၊ ဒုတိယဌာနမှူးများ၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲတွင် ပထမပွဲစဉ်တွင် ဈေးနှင့်သားသတ်ဌာန(က) အသင်းနှင့် သန့်ရှင်းရေးဌာန(ခ)အသင်း၊ ဒုတိယပွဲစဉ်တွင် အဆောက်အအုံနှင့်ကုန်ရုံဌာနအသင်းနှင့် စက်ရုံနှင့်မော်တော်ယာဉ်ဌာန(က) အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်(၁၆)သင်းဝင်ရောက်ယှဉ်ပြိုင်ကြကာ ဒီဇင်ဘာ (၂၃၊ ၂၄) ရက်များတွင် အကြိုဗိုလ်လုပွဲစဉ်များကိုလည်းကောင်း၊ ဒီဇင်ဘာ(၂၆)ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။



(ယာပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀

## အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာရေးနှင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ထား

**မန္တလေး ဒီဇင်ဘာ ၂၀**

အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လေ့လာသူများ စိတ်အေးချမ်းသာမှုရှိစေရန် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် ပျက်စီးယိုယွင်းသော ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ခရီးသွားရာသီအမီ ဆောင်ရွက်ထားရှိကြောင်း အင်းဝ-ပင်းယ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဒုတိယတာဝန်ခံက ပြောသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှုဇုန်တွင် ရှေးဟောင်းအဆောက်အအုံအဖြစ် ၉၆၁ခု သတ်မှတ်ထားပြီး ဘုရား၊စေတီများ၊ဘုန်းတော်ကြီးကျောင်းများနှင့် နှစ်သက်တမ်း ၁၀၀ ကျော်ရှိသော အဆောက်အအုံများ ပါဝင်သည်။

"ခရီးသွားရာသီမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေ လာရောက်လေ့လာတဲ့အခါ စိတ်အေးချမ်းသာမှုရှိအောင် သန့်ရှင်းသာယာလှပရေးနဲ့ ရှေးဟောင်းအဆောက်အအုံတွေ ရှေးမူမပျက် ပြုပြင်မွမ်းမံ ထိန်းသိမ်းမှုတွေကို နှစ်အလိုက် ဆောင်ရွက်ပါတယ်။ ဒီနှစ်ဘတ်ဂျက်လုပ်ငန်းတွေ ရာနှုန်းပြည့် ပြီးစီးသွားပါပြီ။ မယ်နုအုတ်ကျောင်းပဲ နည်းနည်းကျန်ပါတယ်" ဟု ၎င်းက ပြောသည်။

အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ဆောင်ရွက်သည့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများမှာ မယ်နုအုတ်ကျောင်း မြေဝါသုတ်ခြင်း၊ မလိုလားသောသစ်ပင်များကို ပေါင်းသတ်ဆေးဖြင့်သတ်ခြင်း၊ ကြမ်းခင်းများရေရှည်ခိုင်ခံ့ကောင်းမွန်စေရန် ရေနံစိမ်းသုတ်လိမ်းခြင်း၊ ဆင်ကျုံးခံတပ်တွင် အရှေ့ဘက်ကျုံးကူးတံတားမှ သစ်သားတံတားကြမ်းခင်းနှင့် လက်ရမ်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ အင်းဝမျှော်စင် ပြုပြင်ထိန်းသိမ်းခြင်း၊ အင်းဝ-ပင်းယ ယဉ်ကျေးမှုနယ်မြေ သန့်ရှင်းသာယာလှပရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

"ရောက်ရှိလာတဲ့ ခရီးသွားဧည့်သည်တွေ စိတ်အေးချမ်းသာဖို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်း (၁၂)နေရာကို လုပ်ဆောင်ရာမှာ လာမယ့် မတ်လထိ ဆောင်ရွက်ရမှာပါ။ လက်ရှိမှာတော့ ၇၅ ရာခိုင်နှုန်း ပြီးသွားပါပြီ။ မယ်နုအုတ်ကျောင်း မြေဝါသုတ်လုပ်ငန်းက ၈၅ ရာခိုင်နှုန်းပြီးစီးပါပြီ" ဟု ၎င်း က ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုဘတ်ဂျက်ဖြင့် ပြုပြင်မွမ်းမံထိန်းသိမ်းရာ၌ သစ်သားတံတားပြုပြင်ခြင်းတွင် ငွေကျပ် သိန်း ၈၀၊ နန်းမြင့်မျှော်စင် ပြုပြင်ထိန်းသိမ်းခြင်းအတွက် ငွေကျပ် ၅၃ သိန်း၊ လေးထပ်ကြီးဘုရား မဟာရံတံတိုင်း ပြုပြင်ခြင်းအတွက် ငွေကျပ် သိန်း၁၈၀၊ အင်း၀-ပင်းယ ယဉ်ကျေးမှုနယ်မြေ(၁၂)နေရာ သန့်ရှင်းသာယာလှပရေးလုပ်ငန်းတွင် တစ်နှစ်အတွက် ငွေကျပ် သိန်း ၅၀၊ မယ်နုအုတ်ကျောင်း မြေဝါသုတ်ခြင်းနှင့် အထွေထွေပြုပြင်ခြင်းအတွက် ငွေကျပ် သိန်း၂၀၀ ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)





## စစ်ကိုင်းမြို့တွင် နိုင်လွန်ကတ္တရာလမ်း ၈ လမ်းဖွင့်လှစ်

**စစ်ကိုင်း ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်း ၈လမ်းကို (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

စစ်ကိုင်းမြို့တွင် နိုင်လွန်ကတ္တရာခင်းထားသည့် ဝေဇယန္တာလမ်း၊ ဇေယျာပူရလမ်း၊ ဘုရင့်နောင်လမ်း၊ မရှိခဏလမ်း၊ ထူပါရုံလမ်း၊ မင်းလမ်း၊ ဇေယျာမန်းလမ်း၊ ဈေးလမ်းတို့ကို ဖွင့်လှစ်ခြင်းဖြစ်သည်။

ကတ္တရာလမ်းများဖွင့်ပွဲကို စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ လမ်းသစ်မုခ်ဦးများရှေ့တွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်တို့က ဝေဇယန္တာလမ်း၊ ဇေယျာပူရလမ်း၊ ဘုရင့်နောင်လမ်း၊ မရှိခဏလမ်း နိုင်လွန်ကတ္တရာလမ်းများအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ထူပါရုံလမ်း၊ မင်းလမ်း၊ ဇေယျာမန်းလမ်း၊ ဈေးလမ်း၊ နိုင်လွန်ကတ္တရာလမ်းများကို ဖွင့်လှစ်ရာ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် စစ်ကိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စစ်ကိုင်းမြို့၊ မြို့တော်ခန်းမတွင် ဖွင့်ပွဲဒုတိယပိုင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းများ အဆင့်မြှင့်တင်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက စစ်ကိုင်းမြို့ လမ်း ၈လမ်း နိုင်လွန်ကတ္တရာလမ်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်နေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် စစ်ကိုင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့မှခန်းမအတွင်း ခင်းကျင်းပြသထားသည့် စစ်ကိုင်းမြို့ပေါ်ရှိ နိုင်လွန်ကတ္တရာလမ်းများ ဆောင်ရွက်ခဲ့သည့် လုပ်ငန်း မှတ်တမ်းဓာတ်ပုံများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။ (၃၉၄)

## မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ကွင်းအမှတ်(၅၆၈) မယ်တော်စုကွင်း၊ ဦးပိုင်အမှတ်(၆၈/၁)၌ ယမန်နေ့နံနက် ၁၀ နာရီက ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့သည်။

အဆိုပါမိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသူရထွန်းထွန်းနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်နှင့်ဝန်ထမ်းများ၊ မြို့နယ်ဆည်မြောင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသိန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးကျော်နှင့် တောင်သူဦးတင်မျိုးဝင်းတို့က သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မိုးစပါးမျိုးအမည် ဧရာမင်း၊ စိုက်ဧက ၃ ဒသမ ၄၈ ဧကအတွင်း ၀ ဒသမ ၁၀ ဧက၊ စံကွက်ရိတ်သိမ်း၍ အစိုအတွက် တင်းတစ်ဧက အထွက်နှုန်း ၁၀၁ ဒသမ ၁၂၅ တင်းထွက်ရှိခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက တောင်သူများအား နည်းပညာပေးဆွေးနွေးရာ တောင်သူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(၀၈၄)

*-*-*-*-*

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင် များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် အခြေခံစားသောက်ကုန် သက်သာဈေးဆိုင်မှ ကြက်ဥအလုံးကြီး တစ်လုံးလျှင် ငွေကျပ် ၃၈၀ နှုန်းဖြင့် ၁၀လုံး တစ်ထုပ်၊ ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀၀၊ ဝက်သားတစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀၊ အမဲသားတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၀၊ ဆိတ်သားတစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၊ ဧည့်မထဆန်သုံးပြည်လျှင် ငွေကျပ် ၁၀၀၀၀၊ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ ကျပ်၊ စားဖိုဆောင် သီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဘူးသီး၊ ပဲသီး၊ ပန်းမုန်လာ၊ ကိုက်လန်၊ မုန်ညင်းဖြူစသည်တို့ကို သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။




မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-ဖ)

# အမရပူရ တောင်သမန်အင်းဝန်းကျင်မှ ရေတွင်းများ

**ရေသည် သက်ရှိသက်မဲ့လောကအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဖြစ်သည်။ ရှေးတစ်ချိန်က မြို့ပြနှင့် ကျေးလက်ဒေသများတွင် မြစ်ချောင်းရေများ၊ သဘာဝရေကန်များ ဆည်ရေများကို ချိုးရေတစ်သွယ်၊ သောက်ရေ တစ်မျိုး၊ ချက်ရေတစ်ဖုံ သုံးစွဲကြသည်။ မြစ်ချောင်းကမ်းပါးနှင့် ဝေးလျှင် ရေတွင်းများ တူးဖော်သုံးစွဲကြသည်။ ရေအောက်မြေအနေအထားနှင့် ဖွဲ့စည်းတည်ရှိပုံအရ အရပ်စကားဖြင့် ပြောလျှင် ရေချို၊ ရေငန်ဟူ၍ ကွဲပြားသည်။**

ခိုင်ဆက်ဝေ

ပြီးခဲ့သည့် သတင်းပတ်က အမရပူရသို့ သွားရောက်၍ နှစ်ပေါင်း ၈၀ ကျော်ရှိ ပုံစံတူ၊ အလှူရှင်တူသော သောက်ရေအိုးစင် ၅ ခု အကြောင်း ရေးသားခဲ့သည်။ တစ်နေ့တွင် ကဗျာဆရာလူပြာထက်နှင့် ခိုင်ခန့်(အမရ)တို့နှင့် အတူ တောင်သမန်အင်းဘေးက ရတနာ လက်ဖက်ရည်ဆိုင်တွင် ဖန်စိမ့်စိမ့်လက်ဖက် ရည်သောက်လေ့ရှိသည်။ ဆောင်း၏ အငွေ့ အသက်များထဲက ခပ်ပါးပါးပွတ်တိုက်နေကြ သော တောင်သမန်လေပြည်ညင်းတွေကြားမှာ စာကြောင်းပေကြောင်း တစေ့တစောင်း ပြောကြ ဆိုကြသည်။

အမရပူရသည် မန္တလေး(ရတနာပုံ)မြို့တည် ချိန်ထက် နှစ်ပေါင်း ၇၀ ကျော်စောသည်ဖြစ်ရာ မန္တလေးထက် ပို၍ ရှေးကျသော အမွေအနှစ်များ စုစည်းရာရှေးဟောင်းမြို့ဖြစ်၍ လေ့လာဖော် ထုတ်စရာ များစွာရှိနေသည်။ စကား၊ စကား ပြောပါ များတော့စကားထဲက ဇာတိပြဆိုသော် လည်း စာရေးသူအဖို့ စကားထဲကရှေးဟောင်း ကောက်ကြောင်းတွေရခဲ့သည်။ သောက်ရေအိုး စင်များအကြောင်း လေ့လာစူးစမ်းရင်း တောင်သမန် အင်းကမ်းစပ်ကရေတွင်းများကို သတိထားမိ ခဲ့သည်။ တောင်သမန်အင်းရေပြင်ရှိပါလျက် ထိုအင်းစပ်တွင် ရေတွင်းများတူးဖော်သုံးစွဲမှု အကြောင်းကို အတွေးနယ်ချဲ့မိလေသည်။

**ရေတွင်းရှာပုံတော်**

တောင်သမန်အင်းစောင်းမှာတီး(လက်ဖက် ရည်)သောက်ရင်း မျက်စိအာရုံခင်းလိုက်သော အခါ အင်းဧရိယာအတွင်း၌ ရေတွင်းတစ်တွင်း တွေ့လိုက်ရသဖြင့် အင်းအတွင်းမှာရေတွင်းတူး ရသည့်အကြောင်း စကားဖော်၍ တူးဆွမေးမြန်း သည့်အခါ အင်းပတ်လည်မှာရေတွင်းများရှိ ကြောင်း၊ ဦးလှမောင်ရေတွင်းဟု လူသိများသော ရေတွင်းတစ်ခုရှိကြောင်းသိခဲ့ရသဖြင့် ဦးလှ မောင်၏သွေးသားရင်းများ (သို့မဟုတ်)ထိုအ ကြောင်းသိရှိသူနှင့်တွေ့ဆုံလိုကြောင်း အမရပူရ၊ စာပေသမား နှစ်ယောက်ကို အပူကပ်သည့်အခါ ဦးလှမောင်၏သားဖြစ်သူနှင့် တွေ့ဆုံခွင့်ရခဲ့လေ သည်။

အင်းအနောက်ဘက်(ဦးပိန်တံတားအနောက် ဘက်)ထိပ်ရှိ တောင်မင်းကြီးဘုရားမြောက်ဘက် ယွန်းယွန်းတွင် ရေတွင်းတစ်တွင်းအပါအဝင် ၄င်းအနီး၌ပေါင်း၃တွင်း၊ ဦးပိန်တံတားအလယ် ဇရပ်၊ တောင်ဘက်အဆင်းကပ်လျက်တွင် ရေတွင်း တစ်တွင်း(အင်းအလယ်တွင်ရှိနေသည်)။ တံတား အနောက်၊ မြောက်ဘက်၊ တောင်သမန်အင်း ဧရိယာအတွင်း၊အင်းရေပြင်စပ်တွင်တစ်တွင်း၊ တောင်သမန်ကန်ပတ်လမ်းဘေး၊ တောင်သမန်အင်း ဧရိယာအနောက်ဘက်ကမ်းစပ်၊ မြောက်ဘက် ဘေးရှိဘုရား၊ ဆုတောင်းပြည့်စေတီ ခြေရင်း၌ အမြင့်ပိုင်းတွင် တစ်တွင်းနှင့် အင်းစပ်တွင် တစ်တွင်း၊ တောင်သမန်အင်း၊ အရှေ့ဘက်ကမ်း၊ တံတားတောင်ဘက် (တောင်သမန်သစ္စာအနီး) ၌ တစ်တွင်းနှင့် တောင်သမန်အင်းအနောက် ဘက်ကမ်း၊ တံတားတောင်ဘက်၊ မယ်ဇယ်တန်း အနီးတွင်ရှိသော ဦးလှမောင်ရေတွင်း အပါအဝင် အားလုံးပေါင်းပါကအင်းစပ်၌ ရေတွင်းပေါင်း ၆ တွင်းဖြစ်သည်။ ၄င်းတို့အနက် အင်းအနောက် ဘက် မလှမ်းမကမ်းအမြင့်ပိုင်းတွင် သုံးတွင်း တွေ့ခဲ့သည်။ အင်းရေပြင်ရှိပါလျက် ရေတွင်းများ တူးဖော်သုံးစွဲခဲ့ကြခြင်းသည် တောင်သမန်အင်း ရေမှာ သောက်သုံးနိုင်ခြင်းမရှိကြောင်း ထင်ရှား သည်။ အချို့ရေတွင်းများမှာ အမရပူရကို စိုးစံခဲ့ သော မင်းဆက်များလက်ထက်ကတည်းက ရှိခဲ့ သော ရေတွင်းများဖြစ်နိုင်သကဲ့သို့ ပျောက်ကွယ် ပျက်စီးသွားသော ရှေးဟောင်းရေတွင်းများလည်း ရှိနိုင်ပါသေးသည်။

"ရေတွင်းသမိုင်းတော့မသိဘူး။ ဦးလှမောင် ဆုံးပါးတော့ကျွန်တော်က တောင်သူလုပ်ငန်းဦးစီး လုပ်တယ်။ ရေတွင်းအုတ်ကရှေးအုတ်ကြီးတွေပါ။ ပစ္စည်းတစ်ခုကျသွားရင် ကျွန်တော်ကိုယ်တိုင် ဆင်းပြီးဆယ်တာပဲ။ အနက်ကအတောင် ၂၀ ကျော်တယ်။ အမရပူရထဲကရေတွင်းတွေက နည်း နည်းငန်ချင်တယ်။ သံဓာတ်ပါတယ်ထင်တယ်။ဒီ



ရေတွင်းက ရေကောင်းတယ်။ လျှော်ဖွပ်လို့ရော၊ သောက်လို့ရောရတယ်။ ရေချိုတွင်းစာရင်းထဲမှာ ပါတယ်လို့ကြားဖူးတယ်"ဟု ဦးလှမောင်၏ သမက် ဖြစ်သူအငြိမ်းစားကျောင်းဆရာ အသက် ၇၈ နှစ်အရွယ်ဦးစိန်ဝင်းက ပြောသည်။

ဦးလှမောင်ရေတွင်းမှာ လွန်ခဲ့သည့်နှစ်များက မြေပြင်အပေါ်ပိုင်း ရေတွင်းအုတ်ရိုးအဝိုင်းအောက် ခြေမှစ၍လဲပြိုနေသည်။ ၂၀၂၂ ခုနှစ်တွင်မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်း သာယာလှပပြီး စိတ်အေးချမ်းသာစွာနားနေနိုင် သောတောင်သမန်၊ မယ်ဇယ်တန်း (မည်ဆည် တန်း)နှင့် တောင်သမန်လွင်ပြင် တည်ဆောက် ချိန်တွင် ဦးလှမောင်ရေတွင်းကိုပြန်လည်မွမ်းမံခဲ့ရာ အသစ်တစ်ဖန် ကောင်းမွန်သွားပြီဖြစ်၍ အောက် ခြေတွင် ရှေးဟောင်းအုတ်ရိုးများတွေ့မြင်ခဲ့ရ သည်။ လက်ရှိတွင်ဒေသခံ များသုံးစွဲနေကြပါ၏။



**အင်းအတွင်းမှာ ရေတွင်းတူး**

တောင်သမန်အင်းအတွင်း ရေတွင်းများတူး ဖော်အသုံးပြုခြင်းသည် အင်းရေမှာသောက်သုံးရန် မသင့်၍ရေတွင်းတူးလိုက်ခြင်းဖြင့် မြေအောက်မှ ရေကောင်းရေသန့်ရရှိကာ သောက်သုံးနိုင်မည်ဖြစ် သည်။ ရှေးတစ်ချိန်က တောင်သမန်အင်းပတ်ဝန်း ကျင်တွင်လှည်း၊ လှေနှင့်ခြေလျင်ခရီးသွားများ၊ ကုန်စည်ပို့ဆောင်သူများအတွက် သောက်သုံးနိုင် မည့်ရေအတွက် ရေတွင်းများတူး၍ ကုသိုလ်ယူခဲ့ သည်ဟုဆိုရမည်။ ရေတွင်းအနက်သည်အတောင် ၂၀ ကျော်နှင့် တွင်းဝအကျယ်မှာ ၃ တောင်နီးပါး ရှိသည်။

"ရှေးဘုရင်တွေက တောင်မင်းကြီးဘုရားဖူး လာရင်း၊ တောင်သမန်လာရင်းခရီးတစ်ထောက် နားတဲ့အခါ ရေသောက်ရအောင် ရေတွင်းတွေ တူး ထားတာလို့ ဖတ်ဖူးတယ်။ ဘယ်သူရေတွင်းတည်ခဲ့ တယ်လို့တော့မသိဘူး။ ဦးလှမောင်ရေတွင်းဆိုရင် ဒီနယ်တစ်ဝိုက်မှာ မသိသူမရှိဘူး။ လှည်းမောင်း သွားတဲ့သူတွေလည်း ဒီနေရာမှာရေသောက်ကြ နားကြပေါ့"ဟု ဦးစိန်ဝင်းကဆက်လက်ရှင်းပြ သည်။

ရှေးအချိန်များက ဧရာဝတီမြစ်ရေတိုးချိန်တွင် ဝါဆိုဝါခေါင်မှစ၍ တောင်သမန်အင်းအတွင်း လေး လကြာ ရေဝင်ရောက်လေ့ရှိသဖြင့် ထိုအချိန်တွင် တောင်သမန်အင်းမှ စိုက်ခင်းများသည် ရေလွှမ်းခံ ရသည်။ တစ်နှစ်လျှင် ရှစ်လကြာ သီးနှံများစိုက် ကြသည်။ အဓိကအားဖြင့် မြေပဲဖြစ်ပြီးပဲပုတ်၊ ပဲရင်း၊ နှမ်း၊ ပြောင်း၊ စပါးများကို တော်သလင်း လမှ တပေါင်းလအတွင်း စိုက်ပျိုးကြသည်။ ရေမရှိ ချိန်တွင် တောင်သမန်အင်းနှင့် တံတားဝန်းကျင် သည် စိမ်းစိုနေသည့်စိုက်ခင်းများဖြင့် အေးချမ်း သောမြင်ကွင်းကိုရှုမြင်ရသည်။ အင်းရေဝင်ရောက် လာသည့်အခါ စိုက်ပျိုးပင်များရိတ်သိမ်းပြီးချိန် ဖြစ်၍အင်းရေပြင်ပေါ်တွင် ငှက်လှေများနှင့် ဆောင်းခိုငှက်တို့ လူးလာခတ်နေသည့်မြင်ကွင်း ကိုတွေ့ရသည်။ အင်းဧရိယာအတွင်းကရေတွင်း များလည်းခေတ္တယာယီရေအောက်သို့ ပုန်းလျှိုး နေကြသည်။ ဆိုခဲ့သောရေတွင်းများမှ ဦးပိန် တံတားအလယ်ဇရပ်တောင်ဘက်မှ ရေတွင်း သည်အမှိုက်ကန်ဖြစ်နေသည်ကို တွေ့ရသည်။

"ဒီရေတွင်းကို ဘယ်သူလုပ်ခဲ့လဲတော့ မသိ ဘူး။ အဖေနာမည်ဦးလှမောင် ရေတွင်းလို့ပဲလို့ အားလုံးက ခေါ်ကြတယ်။ ဂျပန်ခေတ်မှာ ဂျပန် တွေက အဖေ့ကိုရန်ကုန်ခေါ်သွားတယ်။အဲဒီ ကပြန်ရောက်ချိန်မှာ တံတားတောင်ဘက်က နေ လင်ဇင်ကုန်း သင်္ချိုင်းထိ ဧရိယာ ၁၈ ဧကခွဲ ဝယ်ပြီး တောင်သူလုပ်တယ်။ မယ်ဇယ်တန်း တစ်လျှောက်နီးပါးပဲ။ ခုဆိုရင်တော့မယ်ဇယ်တန်း စားသောက်ဆိုင်တွေဘက်ထိပေါ့။ ကျွန်တော်က အဖေဆုံးပြီးမန္တလေးမှာ ကောလိပ်တက်ရင်း တောင်သူခွင်ဝင်လုပ်တယ်"ဟု ဦးလှမောင်၏ သားဖြစ်သူ အငြိမ်းစားကျောင်းဆရာ အသက် ၇၂ အရွယ် ဦးမောင်မောင်ထွန်းက ပြောပြသည်။

ဦးလှမောင်ရေတွင်းသက်တမ်းကို ခန့်မှန်းရ လျှင် သူ၏သားမှာ အသက် ၇၂ နှစ် သမက် ဖြစ်သူက အသက် ၇၈ နှစ်ဖြစ်သောကြောင့် အများသိ၍လူအများသုံးစွဲကြသော ဦးလှမောင် ရေတွင်းသည်သက်တမ်းအားဖြင့် နှစ် ၉၀ နီးပါး ရှိပေမည်။ ၁၉၄၅ ခုနှစ်ဝန်းကျင်နောက်ပိုင်း မြင်ကွင်းကိုမှန်းဆကြည့်လျှင် အတောင် ၂၀ ကျော် အနက်က ရေကိုရေခပ်ပုံးများဖြင့်ရေငင်၍ သောက်ရေခပ် နေသူများ၊ အဝတ်လျှော်ဖွပ်သူ၊ ရေချိုးသူများနှင့် စည်ကားနေပေလိမ့်မည်။

# (၇၄)ကြိမ်မြောက် သာသနာလင်္ကာရသာမဏေကျော် စာလျှောက်မေးခွန်းပြန်ဆိုပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ ၈၅လမ်း၊ ၃၄လမ်းနှင့် ၃၅လမ်းကြားရှိ ပရိယတ္တိသာသနဟိတအသင်း(မန္တလေး)မှ ကြီးမှူး၍ (၇၄)ကြိမ်မြောက် သာသနာလင်္ကာရ သာမဏေကျော် စာလျှောက်မေးခွန်းနှုတ်ထောက်(အာဂုံ)ပြန်ဆိုပွဲများကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၃ ရက်အထိ အဆိုပါအသင်းတိုက်ခန်းမဆောင်တွင် ကျင်းပသည်။



(၇၄)ကြိမ်မြောက် သာသနာလင်္ကာရသာမဏေကျော်စာလျှောက် မေးခွန်းနှုတ်ထောက်(အာဂုံ)ပြန်ဆိုပွဲတတိယနေ့တွင် ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်း၊ ၈၁လမ်းနှင့် ၈၂လမ်းကြားနေ ဦးမောင်မောင်+ဒေါ်မမ(ပဒေသာပုံနှိပ်တိုက်နှင့် ပိဋကစာပေ) မိသားစုကလည်းကောင်း၊စတုတ္ထနေ့တွင် မန္တလေး၊ ၈၅ လမ်း၊ ဝါးတန်းရပ်နေ ဦးခင်အောင်+ဒေါ်ညွန့်ကြည် (ငါးနီပဲခွဲစက်) မိသားစုက ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာ အသင်းဥက္ကဋ္ဌ ဦးသိန်းထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အမှုဆောင်များက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(ဓဲပုံ)

(၀၄၅)

# တိုင်းရင်းဆေးတက္ကသိုလ်၊ အလုပ်သင်ဆရာ၊ ဆရာမများ ဘွဲ့ကြိုသုတေသနစာတမ်းဖတ်ကြား အကောင်းဆုံးစာတမ်းများကို ရွေးချယ်ကာ ဆုများ ချီးမြှင့်ပေးအပ်

**မန္တလေး ဒီဇင်ဘာ ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်ကွက် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမတွင် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ၂၀၂၄ခု ပညာသင်နှစ် အလုပ်သင်ဆရာ၊ ဆရာမများ စာတမ်းဖတ်ပွဲ ကျင်းပသည်။



အခမ်းအနားတွင် သဘာပတိများအဖြစ် တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာသိန်းဇော်လင်း၊ ဒုတိယပါမောက္ခချုပ်(သင်ကြား)ပါမောက္ခ ဌေးလွင်တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်(စီမံ)ဦးတင့်လွင်မော်ကွန်းထိန်းပါမောက္ခ(ဌာနမှူး)များ ခုတင်(၁၀၀)ဆံ့သင်ကြားရေးတိုင်းရင်းဆေးရုံ(မန္တလေး၊ရန်ကုန်၊နေပြည်တော်)တို့မှ ဆေးရုံအုပ်ကြီးများ၊ စာတမ်းကြီးကြပ်ဆရာ၊ ဆရာမများနှင့် အလုပ်သင်ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး အုပ်စုအလိုက် ဘွဲ့ကြိုသုတေသနစာတမ်းကိုးစောင်ဖတ်ကြားတင်သွင်းပြီး အကောင်းဆုံး စာတမ်းများကို ရွေးချယ်ကာ ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဘွဲ့ကြိုသုတေသနစာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၁၉ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဓဲပုံ) (၀၇၀)

# ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပ

**မိုင်းပျဉ်း ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ အခြေခံပညာမူလတန်းကျောင်းမှ ၂၀၂၄ ခုနှစ်၊ ကျောင်းတွင်းအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။




မိုင်းပျဉ်းမြို့ အမကကျောင်း၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ ကျောင်းတွင်းအားကစားပြိုင်ပွဲကို ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းရွှေကြည် ဦးဆောင်၍ ကျောင်းသား၊ ကျောင်းသူလေးများက ဆန်ကောရွက်၊ ဆီမီးထွန်း၊ အပ်ချည်ထိုး၊ အိတ်စွပ်ပြိုင်ပွဲ၊ အာလူးကောက်၊ အင်္ကျီဝတ်၊ ပူဖောင်းထိုင်၊ သံပရာသီးဇွန်းကိုက်၊ သနပ်ခါးလိမ်းပြိုင်ပွဲနှင့် မီတာ ၅၀၊ ၁၀၀ အပြေးပြိုင်ပွဲတို့ကို စုပေါင်းဆင်နွှဲခဲ့ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူ အသီးသီးတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ၂၀၂၄ ခုနှစ် အခြေခံပညာမူလတန်းကျောင်း၏ ဒီဇင်ဘာလ ကျောင်းတွင်းအားကစားပြိုင်ပွဲတွင် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀-၀



ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ပန်းမြို့တော်

* ပန်းမြို့တော် ငါးမည်ရ
သွားမည်ဗျ ပြင်ဦးလွင် ။
ပုလဲရောင် ဝင်းမို့မို့
နှင်းမြို့ခေါ်တွင် ။

* ကန်တော်ကြီး ပန်းဥယျာဉ်
လမ်းပျုပြင် တောင်လေ့ကား ။
အံ့ထူးကံသာ အမည်သစ်
ပြည်ချစ်ဘုရား ။

* မြွေလိုလိမ် တောင်တွေကြား
ခေါင်ငွေသား ကျေးငှက်တွန် ။
သုံးရာသီ သဘာဝ
ဖြာကျူတံခွန် ။

* ဖွဲဖွဲနှင်း အထက်မိုးသွန်လျှင်
လက်ညှိုးညွှန် ရေဖြစ် ။
ရက္ခပန်းချီ
ဒုဋ္ဌဝတီ အနီးနား
စည်းခြားတဲ့ မြစ် ။

* ကော်ဖီခြံ နေရာသစ်
မြေလွှာကျစ် သံမဏိရုံ ။
သေလာတောင် ဓာတ်တော်ချိုင့်
ရေအိုင့်တဲ့ ဘုံ ။

* နီးဘုရား မြိုင်ရဂုံ
ဆိုင်အစုံ ပန်းဈေးတန်း ။
ပျော်ပျော်လှူ
ပေါ်တော်မူ ရှမငြီးလေတဲ့
အနီးစခန်း ။

* ပွဲကောက်လွန် တံခွန်စမ်း
ဝက်ဝံလမ်း နန္ဒမူ ။
ရေတံခွန် သုံးဆင့်နား
ဘုရားလိုဏ်ဂူ ။

* မြန်မာရှမ်း ရွှေသို့တူ
မေမြို့သူ သတင်းကောင်း ။

* မင်္ဂလာပါ
ဝက်ပါမှာ ပန်းကနုတ်နှင့်
တရုတ်ဘုံကျောင်း ။ ။

ဇော်ဝင်း(မရွှိမ)

# INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## အမေရိကန်အစိုးရ ပိတ်ချရတော့မည့် ကြွေးမြီကိစ္စ ထရမ့်နှင့် အီလွန်မတ်စ်တို့နှစ်ဦး စောင့်ကြည့်နေကြ




**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

အမေရိကန်အစိုးရ ပိတ်ချရတော့မည့် ကြွေးမြီကိစ္စနှင့်ပတ်သက်၍ ကွန်ဂရက်လွှတ်တော်က မည်သို့ဆုံးဖြတ်မည်ကို ဒေါ်နယ်လ်ထရမ့်နှင့် အီလွန်မတ်စ်တို့နှစ်ဦး စောင့်ကြည့်နေကြကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လာမည့် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတဖြစ်လာတော့မည့် ဒေါ်နယ်လ်ထရမ့်က သမ္မတ ဂျိုးဘိုင်ဒင် ဦးဆောင်လျက်ရှိသော လက်ရှိအစိုးရပိတ်ချရမည့်အဆင့်အထိ မရောက်အောင် အရေးပေါ်ရန်ပုံငွေဖြင့် ဝင်ထိန်းပေးမည်ဟု ကမ်းလှမ်းခဲ့သည်။

ထိုကမ်းလှမ်းမှုကို လက်ခံလျှင် အမေရိကန်အစိုးရဌာနများအနေဖြင့် လာမည့် မတ်လလယ်အထိ ဆက်လက်ရပ်တည်သွားနိုင်မည်ဟု ဆိုသည်။

အမေရိကန်ကွန်ဂရက်တွင် အဆိုပါကမ်းလှမ်းမှုကို ရီပတ်ဘလီကန်အမတ် ၃၈ ဦးက ထောက်ခံမဲပေးကြသော်လည်း ဒီမိုကရက်အမတ်များအားလုံးက ကန့်ကွက်ခဲ့ကြသည်။

ဒီဇင်ဘာ ၂၀ ရက် ညနေပိုင်းတွင် ကွန်ဂရက်က ပေါ်ထွက်လာမည့် ဆုံးဖြတ်ချက်ကို ဒေါ်နယ်လ်ထရမ့်နှင့် အီလွန်မတ်စ်တို့နှစ်ဦး ဆက်လက်စောင့်ဆိုင်းနေကြောင်း သိရသည်။

**Mon**

## ပီရူးနိုင်ငံအတွင်း ကျရောက်သော အမေဇုန်တောထဲ၌ ကုန်းနေ၊ရေနေကြွက်အပါအဝင် မျိုးစိတ်သစ်များ တွေ့ရှိ

**လီမာ ဒီဇင်ဘာ ၂၀**

ပီရူးနိုင်ငံအတွင်း ကျရောက်သော အမေဇုန်တောထဲ၌ ကုန်းနေ၊ရေနေ ကြွက်အပါအဝင် မျိုးစိတ်သစ်များ တွေ့ရှိခဲ့သည်ဟု မကြာသေးမီက ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ငါးမျိုးစိတ်သစ် ရှစ်မျိုး၊ လိပ်ပြာမျိုးစိတ်သစ် ၁၀ မျိုး အပါအဝင် စုစုပေါင်း တိရစ္ဆာန်မျိုးစိတ်သစ် ၂၇ မျိုးကို ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ်မှစတင်၍ ပညာရှင်များ စူးစမ်းရှာဖွေလေ့လာခဲ့ကြရာမှ ထိုမျိုးစိတ်သစ်များကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**





## ဆီးရီးယားနိုင်ငံအတွင်း အမေရိကန်အစိုးရတပ်ဖွဲ့ အင်အား ၂၀၀၀ ခန့်ရှိသည်ဟု ပင်တဂွန်က အတည်ပြု

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

ဆီးရီးယားနိုင်ငံအတွင်းရှိ အမေရိကန်အစိုးရတပ်ဖွဲ့အင်အား ၂၀၀၀ ခန့်ရှိသည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ဒီဇင်ဘာ ၁၉ ရက်တွင် အတည်ပြုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၉၀၀ ဦးခန့်သာ ရှိသည်ဟု ယခင်က သတင်းထွက်နေခဲ့သော်လည်း စင်စစ်တွင် မိမိတို့တပ်ဖွဲ့အင်အားသည် ၂၀၀၀ ခန့်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောခွင့်ရသူ ပက်ရိုက်ဒါက ထုတ်ဖော်ပြောကြားသည်။

အိုင်အက်စ်ဘာသာရေးအစွန်းရောက်လက်နက်ကိုင်များကို ချေမှုန်းတိုက်ခိုက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် အမေရိကန်အစိုးရက တပ်ဖွဲ့ဝင်များကို ၂၀၁၄ ခုနှစ်မှစတင်စေလွှတ်ခဲ့သည်။

၂၀၁၇ ခုနှစ်တွင် အိုင်အက်စ်တို့ကို ဆီးရီးယားနယ်နိမိတ်အတွင်းမှ ရှင်းထုတ်နိုင်ခဲ့သော်လည်း အမေရိကန်တပ်ဖွဲ့များ ဆက်လက်တပ်စွဲနေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ဆီးရီးယားအချုပ်အခြာနယ်နိမိတ်များအတွင်းသို့ အိုင်အက်စ်တို့ အင်အားနှစ်ဆတိုးပြီး ရောက်လာနိုင်

**ဒမတ်စကတ် ဒီဇင်ဘာ ၂၀**

ဆီးရီးယားအချုပ်အခြာနယ်နိမိတ်များအတွင်းသို့ အိုင်အက်စ်တို့ အင်အားနှစ်ဆတိုးပြီး ရောက်လာနိုင်ဖွယ်ရှိသည်ဟု ကာ့ဒ်လူမျိုးစုဝင်များက သတိပေးကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယခင်အစိုးရလက်ထက်က အမေရိကန်တပ်ဖွဲ့ဝင်များ၏ ချေမှုန်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်တို့ ရှောင်ပြေးသွားခဲ့ကြသည်။

ယခုအခါ ပြည်တွင်းရေးအခြေအနေရှုပ်ထွေးနေသဖြင့် အိုင်အက်စ်တို့ ပြန်လည်စုဖွဲ့ဝင်ရောက်လာမည်ကို ကာ့ဒ်လူမျိုးစုဝင်များ စိုးရိမ်နေကြောင်း သိရသည်။

**Mon**





## ပါကစ္စတန်၏ နျူကလီးယားဒုံးလက်နက်အစီအစဉ် ခြိမ်းခြောက်မှုဖြစ်လာနိုင်သည်ဟု အမေရိကန် ယူဆ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားဒုံးလက်နက်အစီအစဉ်သည် တောင်အာရှပြင်ပအထိ သက်ရောက်သော ခြိမ်းခြောက်မှုဖြစ်လာနိုင်သည်ဟု အမေရိကန်ဘက်က ထင်မြင်ယူဆနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတ အိမ်ဖြူတော်၏အကြီးတန်းအရာရှိတစ်ဦးဖြစ်သူ ဒုတိယအမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဖိုင်းနားက ယင်းထင်မြင်ယူဆချက်နှင့်ပတ်သက်၍ ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ကာနေဂျီငြိမ်းချမ်းရေးအဖွဲ့အစည်းတွင် ၎င်းမိန့်ခွန်းပြောစဉ် ပါကစ္စတန်နျူကလီးယားဒုံးလက်နက်များ အမေရိကန်ပြည်ထောင်စုအထိ ခြိမ်းခြောက်လာနိုင်ကြောင်း ထောက်ပြခဲ့သည်။

ပါကစ္စတန်အနေဖြင့် တာဝေးပစ်နျူကလီးယားဒုံးလက်နက်များ တိုးမြှင့်ထုတ်လုပ်ရန် စီစဉ်နေသည်ဟု အမေရိကန်ဘက်က ထောက်လှမ်းသိရှိထားကြောင်း သိရသည်။

**Mon**



**ဒီဇင်ဘာ ၁၉ ရက်က ကလေးများအတွက် ရန်ပုံငွေပွဲတော်ကျင်းပနေချိန်၌ လူအုပ်ပြိုလဲကာ ကလေး ၃၅ ဦး သေဆုံးစေခဲ့သော နိုင်ဂျီးရီးယားနိုင်ငံအနောက်တောင်ပိုင်း အိုင်ဘာဒန်မြို့ပွဲခင်းပြင်ကို တွေ့ရစဉ်။**

**Mon**

## ကွန်ဂိုနိုင်ငံတွင် ဖြစ်ပွားခဲ့သော ရောဂါဆန်းတစ်မျိုးကို ငှက်ဖျားရောဂါဟု အာဖရိကန်သုတေသီများ အတည်ပြု

**ကင်ရှာဆာ ဒီဇင်ဘာ ၂၀**

ကွန်ဂိုနိုင်ငံတွင် ရောဂါဆန်းတစ်မျိုးဖြစ်ပွားနေပြီး ယခင်က ကြုံတွေ့ခဲ့ဖူးသော ရောဂါလက္ခဏာများ မဟုတ်သဖြင့် ထိုရောဂါကူးစက်ခံရသူများကို ကုသရန်ခက်ခဲကာ လူပေါင်း ၈၀ ဦးကျော် သေဆုံးခဲ့သည်ဟူသော သတင်းများ နိုဝင်ဘာလက ပေါ်ထွက်ခဲ့သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် အခြားကပ်ရောဂါအသွင်ဆောင်မည့် ရောဂါတစ်မျိုးဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသူများအနေဖြင့် ထိုသတင်းများကြောင့် အထိတ်တလန့် ဖြစ်ခဲ့ကြရသည်။



ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထိုရောဂါဆန်းကို အမည်ဖော်ရန် ကူးစက်ရောဂါကျွမ်းကျင်သူများကို ကွန်ဂိုနိုင်ငံသို့ စေလွှတ်ခဲ့သည်။

အာဖရိကကူးစက်ရောဂါထိန်းချုပ်တားဆီးရေးအဖွဲ့က အဆိုပါကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး ရောဂါအမျိုးအမည်ပိုင်းဖြတ်နိုင်ရန် စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာပြီးနောက် ထိုရောဂါဆန်းသည် ငှက်ဖျားရောဂါသာဖြစ်သည်ဟု အာဖရိကန်သုတေသီများ မကြာသေးမီက အတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

**Mon**



## ခေတ်မီ မီးငြိမ်းသတ်ယာဉ်များ ကြံ့ခိုင်မှုနှင့် အသုံးပြုနိုင်မှု မီးသတ်တပ်ဖွဲ့ဝင်များ ဇာတ်တိုက်လေ့ကျင့်



**မန္တလေး ဒီဇင်ဘာ ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေများဖြင့် မန္တလေးမြို့ မီးဘေးလုံခြုံရေးအတွက် ဝယ်ယူပေးထားသော ပိုလန်နိုင်ငံထုတ် ခေတ်မီ မီးသတ်ယာဉ်များ၊ အထပ်မြင့်မီးငြိမ်းသတ်ယာဉ်များ၊ LUF-60 မီးသတ်ယာဉ်၊ 10m Trailer Mounted အမြင့်တင် မီးသတ်ယာဉ်များ ကြံ့ခိုင်မှု၊ အသုံးပြုနိုင်မှုနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ၄၅လမ်းရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန စစ်ရေးပြကွင်းတွင် ပြုလုပ်သည်။

မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို ဦးစီး၍ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ခွဲမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အထပ်မြင့်အဆောက်အအုံ မီးငြိမ်းသတ်ခြင်း၊ ရေမြှုပ်မီးငြိမ်းသတ်စက် အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ပိုလန်နိုင်ငံထုတ် မီးသတ်ယာဉ်ကြီးများဖြင့် ဆီမီးလောင်မှု၊ ဂတ်စ်မီးလောင်မှုများ ငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ကြရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းတို့က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ (ဝ၄၅)

## မြို့မဈေးကြီး၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

**လွိုင်လင် ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ မီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြခြင်းကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့မဈေးကြီးရှေ့၌ ပြုလုပ်ခဲ့သည်။

မီးငြိမ်းသတ်ရေးသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းထွဋ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းမင်းဌေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော်နှင့် ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်း ဦးဆောင်၍ အရေးပေါ်မီးလောင်မှုဖြစ်ပွားပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုနည်း၊ လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြရာ ဈေးသူ၊ ဈေးသားများနှင့် စည်ပင်သာယာရေးဝန်ထမ်းများက ကိုယ်တိုင်ပါဝင်၍ လက်တွေ့ မီးငြိမ်းသတ်ကြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေယာဉ်များဖြင့် သရုပ်ပြခြင်းများကို ဆက်လက်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။



(အပေါ်ပုံ)

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့သည် မြို့မဈေးကြီးအတွင်း၌ အရေးပေါ် မီးငြိမ်းသတ်ရန်ထားရှိသော မီးသတ်ပိုက်များလုံခြုံမှု ရှိ၊ မရှိ လိုက်လံကြည့်ရှုစစ်ဆေးပြီး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး ဒီဇင်ဘာ ၂၀**

မူးယစ်တပ်ဖွဲ့စု (၅၅)မိတ္ထီလာမြို့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် တားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်နေစဉ် မိတ္ထီလာမြို့နယ်၊ ကန်တောင်ကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၃ ရက် ညနေ ၆ နာရီခန့်က မူးယစ်တပ်ဖွဲ့စု (၅၅)မိတ္ထီလာမြို့မှ ရဲအုပ်ကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် သတင်းအရ မိတ္ထီလာမြို့နယ်၊ကန်တောင်ကျေးရွာအုပ်စု၊ ကန်တောင်ကျေးရွာနေ မိုးဇော်ဦး နေအိမ်အား သွားရောက်စစ်ဆေးခဲ့သည်။


ထိုသို့စစ်ဆေးရာမှ နေအိမ်တွင် မိုးဇော်ဦးအား တွေ့ရပြီး အိပ်ခန်းအတွင်း ကြမ်းပြင်ပေါ်ရှိ ပါဝါဘန့်ဘက်ထရီအိုးငယ်အတွင်း သိုဝှက်လျက် အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်ထားသော WY စာတမ်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ပါ ၁ ထုပ်၊ ၂၀၀ ပြားပါ ၂ထုပ်၊ စုစုပေါင်း ဆေးပြား ၄၂၀၊ အလေးချိန် ၃၇ ဒသမ ၈ ကီလိုဂရမ်နှင့် ခဲပြား ၂ လိပ်အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ မိုးဇော်ဦး (၄၃)နှစ်၊(ကန်တောင်ကျေးရွာ၊ မိတ္ထီလာမြို့နယ်)နေသူအား မိတ္ထီလာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(ဝ၅၇)

ဝ-ဝ-ဝ-ဝ-ဝ



## ချမ်းမြသာစည်မြို့နယ်၌ ဆရာဝန်တစ်ဦးအား ပြန်ပေးဆွဲ၍ ခြောက်လှန့်ငွေတောင်းခံရာမှ အဆိုပါဆရာဝန်သေဆုံးသွားပြီး တရားခံအမျိုးသားနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်နေ ဦးအောင်ကျော်စိုး ၆၇ နှစ်ထံသို့ ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီ မိနစ် ၂၀ တွင် အမျိုးသားတစ်ဦး (စိစစ်ဆဲ)မှ ဖုန်းနံပါတ် ဂ၉-၆၈၁၂၀၁၄၅၇ ဖြင့် ဆက်သွယ်၍ သားဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲထားကြောင်း၊ အသက်မသေစေလိုက ငွေကျပ်သိန်း ၃၀၀၀ အား မဟာမြတ်မုနိဘုရားကြီး တောင်ဘက်မုခ်သို့ လာထားရန်၊ လာထားသောငွေအား ၎င်းတို့လက်ခံရရှိပြီးမှသာ ဖုန်းဆက်သွယ်၍ သားဖြစ်သူအား ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း၊ မည်သည့်အဖွဲ့အစည်းကိုမျှ တိုင်တန်းခြင်းမပြုရန်ပြောသဖြင့် ဦးအောင်ကျော်စိုးသည် မည်သူ့ထံမျှတိုင်တန်းခြင်းမပြုဘဲ ၎င်းချိန်းဆိုသည့်နေရာသို့ သွားရောက်၍ ငွေကျပ် သိန်း ၃၀၀၀ အား ပြန်ပေးဆွဲသူ ထားခိုင်းသည့်နေရာသို့ ပို့ဆောင်ခဲ့ပြီးနောက် ငွေလက်ခံရရှိကြောင်း ပြန်ဆက်သွယ်သော်လည်း သားဖြစ်သူ ဒေါက်တာ အောင်မြင့်မြတ်ထွန်းမှာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့သဖြင့် အောင်ပင်လယ်နယ်မြေရဲစခန်း (ပ)၂၆၀/၂၀၂၄ ရာဇသတ်ကြီးပုဒ်မ ၃၆၅/၃၈၇/၁၁၄ ဖြင့် အမှုရေးဖွင့်ဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီတွင် မသင်္ကာသူ ဒေါက်တာ အောင်ဇင်ဖြိုး ၃၆ နှစ် (ဘ) ဦးစိုးမြင့် (ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက် ၈၂ လမ်း လမ်းသစ်လမ်း x ၁၀၅ လမ်းကြား ငွေလရောင်ဆေးခန်း) အားစစ်ဆေးခဲ့ရာ ၎င်း၏ထွက်ဆိုချက်အရ ဒေါက်တာအောင်မြင့်မြတ်ထွန်းနှင့် ဆေးကျောင်းအတူတက်ရောက်ခဲ့သည့် သူငယ်ချင်းများဖြစ်ကြောင်း၊ ၎င်းသည် အွန်လိုင်း ဘောလုံး/ နှစ်လုံး/ သုံးလုံးထီလောင်းကစားများကြောင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်နေသဖြင့် သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်းအားပြန်ပေးဆွဲ၍ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများထံ ငွေကြေးတောင်းခံရန် ရည်ရွယ်ကာ မြို့ဟောင်းရှိ ၎င်းပိုင် ငွေလရောင်ဆေးခန်းသို့ ဖုန်းဆက်ခေါ်ခဲ့ကြောင်း၊ သူငယ်ချင်းဖြစ်သူ ဒေါက်တာအောင်မြင့်မြတ်ထွန်း ကားဖြင့်ရောက်ရှိလာချိန်တွင် ဒေါက်တာအောင်ဇင်ဖြိုးသည် ၎င်း၏ဆေးခန်းမှအကူဖြစ်သူ လွမ်းဇင်အောင်(ခ)မိုးဒီနှင့်အတူ ချုပ်နှောင်နပန်းလုံးပြီး ပါးစပ်၊ လက်၊ ခြေထောက်တို့အား တိပ်ဖြင့်ပတ်၍ လည်ပင်းညှစ်ရာမှ သေဆုံးသွားသဖြင့် အလောင်းအား ဆေးခန်းအတွင်း၌ထားရှိကာ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများထံ ဖုန်းဖြင့်အသံဖျက်၍ ပြန်ပေးဆွဲထားကြောင်း၊ ငွေကျပ် သိန်း ၃၀၀၀ အား မဟာမြတ်မုနိဘုရားတောင်ဘက်မုခ်သို့ လာရောက်ပို့ဆောင်ရန် ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ မိဘများကလာရောက်ထားပေးခဲ့သည့် ငွေများအား မီနီအိုးဝေဖြင့် အဆင့်ဆင့်ငှား၍ယူဆောင်ကာ အဆိုပါငွေထဲမှ ငွေ ၂၂ သိန်း ၅ သောင်းကျပ်ဖြင့် Canda 125 အမျိုးအစား ဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၈၈ သိန်းဖြင့် Scoopy အမျိုးအစားဆိုင်ကယ်တစ်စီး၊ ငွေကျပ်သိန်း ၈၀၀ ဖြင့် MDY-13 9N/6995 Honda Inside အမျိုးအစား ယာဉ်တစ်စီးတို့အား ဝယ်ယူခဲ့ကြောင်းနှင့် သေဆုံးသူ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ အလောင်းအားသေဆုံးသူ၏ MDY-13 2L/2843 Honda Inside ယာဉ်ဖြင့် သယ်ယူကာ ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈) လမ်းကြား လမ်းဘေးရှိ ရေမြောင်းထဲသို့ ပစ်ချခဲ့ကြောင်း၊ ယာဉ်အား တောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း ထားရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ လွမ်းဇင်အောင်(ခ)မိုးဒီ ၂၈ နှစ် (ဘ) ဦးတင်ထွဋ်ကိုလည်း ဆက်လက်ဖမ်းဆီးရမိခဲ့သည်။



ဒေါက်တာအောင်မြင့်မြတ်ထွန်းအား ပြန်ပေးဆွဲခေါ်ဆောင်သွားသည့် တရားခံအောင်ဇင်ဖြိုး ၃၆ နှစ်နှင့် လွမ်းဇင်အောင် (ခ) မိုးဒီ ၂၈ နှစ်တို့နှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

စစ်ဆေးပေါ်ပေါက်ချက်အရ ဒေါက်တာအောင်မြင့်မြတ်ထွန်း၏ အလောင်းကို ချမ်းမြသာစည်မြို့နယ် ချမ်းတောင်ရပ်ကွက်ရှိ ချမ်းမြသာစည်လေယာဉ်ကွင်းဟောင်းနှင့် (၇၈)လမ်းကြား လမ်းဘေးရှိ ရေမြောင်းအတွင်းမှလည်းကောင်း၊ ကားအား တောင်သမန်အင်းဘေးရှိ ဘုန်းကြီးကျောင်းဝင်းအတွင်းမှလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲခြိမ်းခြောက်တောင်းဆိုရရှိသည့်ငွေများဖြင့် ဝယ်ယူထားသည့် ဆိုင်ကယ်နှစ်စီး၊ ယာဉ်တစ်စီး၊ ငွေစက္ကူရောရာ ၁၀၂၂ သိန်းနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဆိုင်ကယ်တစ်စီးတို့အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ တရားခံ အောင်ဇင်ဖြိုးနှင့် မိုးဒီ(ခ)လွမ်းဇင်အောင်တို့နှစ်ဦးအား ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်ရရှိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဖြစ်စဉ်မှ တရားခံ အောင်ဇင်ဖြိုးသည် ဆရာဝန်တစ်ဦးဖြစ်သော်လည်း အွန်လိုင်း ဘောလုံး/နှစ်လုံး/သုံးလုံးထီလောင်းကစားများလုပ်ဆောင်သဖြင့် အကြွေးများတင်ကာ ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူအား ပြန်ပေးဆွဲသတ်ဖြတ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ကို သင်ခန်းစာယူ၍ မိဘပြည်သူများအနေဖြင့်လည်း အွန်လိုင်း ဘောလုံး/နှစ်လုံး/သုံးလုံးထီလောင်းကစားများအား မပြုလုပ်ကြရန်နှင့် အွန်လိုင်း ဘောလုံး/ နှစ်လုံး/ သုံးလုံးထီလောင်းကစားပြုလုပ်သူများ၏ သတင်းရရှိပါကသက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများထံသို့ သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူတစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသားခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင် ဖွင့်ထားသူတစ်ဦးအား ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသားခြောက်ဦးကို မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူတစ်ဦးကို ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသား ခြောက်ဦးအား အသေပစ်ခတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဒီဇင်ဘာ ၁၃ ရက် နံနက် ၆ နာရီ ၅ မိနစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် ဗိုလ်ချုပ်လမ်းမနေ OK ငွေလွှဲဆိုင်ဖွင့်ထားသူ ဦးရန်ထင်ချမ်း ၇၈ နှစ် (ဘ) ဦးရန်ကျင်စိုးသည် ၎င်း၏နေအိမ်၌ ရှိနေစဉ် နေအိမ်ရှေ့သို့ 4H/9170 CROWN Royal Saloon အမျိုးအစား အဖြူရောင်ယာဉ်တစ်စီး ရောက်ရှိလာပြီး ယာဉ်ပေါ်မှ အမျိုးသားသုံးဦး (စိစစ်ဆဲ)ဆင်းလာကာ ဦးရန်ထင်ချမ်းအား ဖမ်းဆီး၍ အဆိုပါယာဉ်ဖြင့် ဗိုလ်ချုပ်လမ်းမကြီးအတိုင်း အနောက်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားကြောင်း သတင်းပေးပို့တိုင်တန်းချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခံရသူအား ပြန်လည်ကယ်တင်နိုင်ရေးနှင့် ပြစ်မှုကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူတစ်ဦးကို ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့သူ တရားခံအမျိုးသား ခြောက်ဦးအား မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိမှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် ဆင်ဖြူမင်းလမ်းကြားရှိ အိမ်အမှတ် (ပဆ-၁/၂၇၀) နေအိမ်၌ ပြစ်မှုကျူးလွန်သူ တရားခံများ ရောက်ရှိပုန်းအောင်းနေလျက်ရှိကြောင်း သတင်းအရ ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေအိမ်သို့ ဝင်ရောက်စီးနင်း ရှာဖွေခဲ့သည်။

ထိုသို့ ဝင်ရောက်စီးနင်းရှာဖွေစဉ် အဆိုပါနေအိမ်အတွင်းမှ ပြစ်မှုကျူးလွန်သူ တရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန် ကြိုးစားသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံများ ဖြစ်ကြသည့် ကျန်းဘီယင်း (စိစစ်ဆဲ)နှင့် မောင်မောင်ဦး(စိစစ်ဆဲ) တို့ပါ အမျိုးသား ခြောက်ဦးကို အသေပစ်ခတ် ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ZORAKI M906-T ပွိုင့် ၃၈၀ အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည် လေးတောင့်၊ ကျည်အိမ် တစ်ခု၊ M-16 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည် ၁၇ တောင့်၊ ကျည်အိမ် တစ်ခု၊ ယာဉ်နံပါတ်ပြား ခြောက်ခု၊ အနက်ရောင်ကျည်ကာ အင်္ကျီနှစ်ထည်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝတ်ဆင်သည့်ယူနီဖောင်း တစ်ထည်၊ ခဲရောင်မိုးကာအင်္ကျီ တစ်ထည်၊ အနွေးအင်္ကျီ တစ်ထည်၊ ဦးထုပ်သုံးလုံး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ယာဉ်မောင်းလိုင်စင်နှစ်ခု၊ ၅.၅၆ ကျည်ခွံလေးခု၊ ပစ္စတိုကျည်ခွံ လေးခု၊ SHN-12 7K-9997 TOYOTA CROWN Royal Saloon အဖြူရောင် ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းမျိုးစုံ သုံးလုံး၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၆၅၀၀၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြန်ပေးဆွဲဖမ်းဆီးခံရသူ ဦးရန်ထင်ချမ်းအား ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပြန်ပေးဆွဲဖမ်းဆီးခံရသူ ဦးရန်ထင်ချမ်အားပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ပြစ်မှုကျူးလွန်သူ တရားခံအမျိုးသား ခြောက်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးများ၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလားတူဒုစရိုက်မှုများ ကျူးလွန်နိုင်မှုမရှိစေရေး မိဘပြည်သူများအနေဖြင့် ဒုစရိုက်သမားများ၏ လှုပ်ရှားသွားလာမှုများကို မြင်တွေ့သိရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံ အသိပေး သတင်းပေးပို့တိုင်ကြားနိုင်ရန် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်



ပြန်ပေးဆွဲဖမ်းဆီးခံရသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ခေါင်ရပ်ကွက်ရှိ OK ငွေလွှဲဆိုင်ဖွင့်ထားသူ ဦးရန်ထင်ချမ်းအား ပြန်လည်ကယ်တင်နိုင်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

## ပုသိမ်ကြီးမြို့နယ် မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြကံသာရွာနှင့် ထန်းပင်ကုန်းရွာတို့ကို ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော်တစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပုသိမ်ကြီးမြို့နယ်အတွင်း ပြည်သူများအေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဗုံးကြဲတိုက်ခိုက်မှုများ မရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာ၊ ရပ်ကွက်များကို အကြောက်တရားလွှမ်းမိုးစေရန် ဒရုန်းများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိကြောင်း၊ အထက်ပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်




အတွက် ဖြစ်စဉ်ဖြစ်ရပ်မှန်ကန်မှုမရှိသည့် သတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်း ပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS )အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၁ ဒသမ ၂၂၅၈ တန်၊ သစ်မာ ၄ ဒသမ ၈၁၁၈ တန်၊ အခြားသစ် ၁၈ ဒသမ ၇၀၀၀ တန်၊ စုစုပေါင်း ၄၄ ဒသမ ၇၃၃၆ တန်၊ ယာဉ်၊ ယန္တရား ရှစ်စီး တရားခံငါးဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၇)၊ ဦးပိုင်အမှတ်(၃၅)၊ ၆၁လမ်းနှင့် ၆၂လမ်းကြား၊ ၁၃၅လမ်းနှင့် ၁၃၆လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမြင့်ဦး(၉/မနမ(နိုင်) ၀၄၇၅၆၈)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၁၇၉၉/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းတိုး(၉/အမဇ(နိုင်)၀၆၅၄၆၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (ပပ-၅၅)၊ ဦးပိုင်အမှတ်(၅၃)၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ယောမင်းကြီးလမ်းနှင့် ဖိုးရာဇာလမ်းကြားရှိ ဗိုလ်ကြီးသိန်းသန်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးမြင့်အောင်ကတရားပြိုင် ဦးသိန်းသန်း(၎င်း၏ SP ရသူ ဒေါ်နန်းတင်တင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၀၂/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမြင့်အောင်(၉/မတရ(နိုင်)၀၇၈၆၈၆)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ) ရပ်ကွက်၊ အကွက်အမှတ် (လလ-၂၃)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ၁၄၂လမ်းနှင့် ၁၄၃လမ်းကြားရှိ ဗိုလ်မှူးမြတ်ဖေဦး အမည်ပေါက်ဂရန်မြေကွက်အား၊ တရားလို ဒေါ်ဆာဗီသရီး(ခ)နီလာကတရားပြိုင် ဗိုလ်မှူးမြတ်ဖေဦး(၎င်း၏ SP ရသူ ဦးဇော်လင်းမြတ်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော် တရားမကြီးမှုအမှတ်(၁၆၃/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်ဆာဗီသရီး(ခ)နီလာ(၉/ပဥလ(နိုင်)၀၀၁၆၉၂)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၄)၊ ဦးပိုင်အမှတ်(၉)၊ ၇၁လမ်းပေါ်၊ ၁၁၅လမ်းနှင့် ၁၁၆လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၁၀၅၃/၉၀-၉၁)အရ ဦးအုန်းငွေ မှတ်ပုံတင်အမှတ်(PGN-၀၀၃၇၇၆)အမည်ပေါက်သို့ မြေရာဇဝင်(၁-က) မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်ဝင်းမာ မှတ်ပုံတင်အမှတ် (၉/မတရ(နိုင်)၀၃၀၇၇၀)က မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံရပ်ကွက်၊ အကွက်အမှတ် (တတ-၃၁)၊ ဦးပိုင်အမှတ်(၇၂)၊ ၄၅လမ်းနှင့် ၄၆လမ်းကြား၊ အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်လှိုင်(၈/ရစက(နိုင်)၁၂၀၉၇၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၃၄၃၁/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟိန်းလင်း(၉/ခမစ(နိုင်)၀၀၀၀၂၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်(၄၁၅/N)၊ ဦးပိုင်အမှတ်(၂၀၃/ဃ) ၁၁လမ်း၊ ၈၈လမ်းထောင့်ရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးနေထွန်း ကွယ်လွန်၍ ကျန်ရစ်သူ ဇနီးနှင့် သားကြီးဖြစ်သော ဒေါ်ဝင်းဝင်းရွှေ(၉/အမဇ(နိုင်)၀၀၆၀၇၉) ဦးမျိုးကိုထွန်း(၉/အမဇ(နိုင်)၀၁၇၃၇၇)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## မြေငှားဂရန် ဦးပိုင်ခွဲ ကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

| စဉ် | လျှောက်ထားသူ | လျှောက်ထားသည့်မြေ | | | | | လျှောက်ထားသည့် | အမှုတွဲအမှတ် |
|---|---|---|---|---|---|---|---|---|
| | အမည်/မှတ်ပုံတင် | မြို့နယ် | ကျေးရွာအုပ်စု | ကွင်း/အကွက်အမှတ်နှင့် အမည် | ဦးပိုင်အမှတ်/ မြေကွက်အမှတ် | ဧရိယာ(ဧက) | အကြောင်းအရာ | |
| ၁။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၆/၅ | ၀ ဒသမ ၉၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၅/၂၀၂၄-၂၀၂၅ |
| ၂။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၆/၆ | ၀ ဒသမ ၉၄ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၆/၂၀၂၄-၂၀၂၅ |
| ၃။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၆/၇ | ၀ ဒသမ ၇၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၇/၂၀၂၄-၂၀၂၅ |
| ၄။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၆/၈ | ၀ ဒသမ ၇၄ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၈/၂၀၂၄-၂၀၂၅ |
| ၅။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၇/၅ | ၀ ဒသမ ၇၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၉/၂၀၂၄-၂၀၂၅ |
| ၆။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၇/၆ | ၀ ဒသမ ၇၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၀/၂၀၂၄-၂၀၂၅ |
| ၇။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၇/၇ | ၀ ဒသမ ၆၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၁/၂၀၂၄-၂၀၂၅ |
| ၈။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၇/၈ | ၀ ဒသမ ၈၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၂/၂၀၂၄-၂၀၂၅ |
| ၉။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၈/၂ | ၀ ဒသမ ၃၁ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၃/၂၀၂၄-၂၀၂၅ |
| ၁၀။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၉/၈ | ၀ ဒသမ ၃၀ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၄/၂၀၂၄-၂၀၂၅ |
| ၁၁။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၁/၁/၁ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၅/၂၀၂၄-၂၀၂၅ |
| ၁၂။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၁/၁/၂ | ၀ ဒသမ ၁၈ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၆/၂၀၂၄-၂၀၂၅ |
| ၁၃။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၂/၂/၁ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၇/၂၀၂၄-၂၀၂၅ |
| ၁၄။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၂/၂/၂ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၈/၂၀၂၄-၂၀၂၅ |
| ၁၅။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၂/၂/၃ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၉၉/၂၀၂၄-၂၀၂၅ |
| ၁၆။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၂/၂/၄ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၀/၂၀၂၄-၂၀၂၅ |
| ၁၇။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၂/၂/၅ | ၀ ဒသမ ၁၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၁/၂၀၂၄-၂၀၂၅ |
| ၁၈။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၆/၁ | ၀ ဒသမ ၁၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၂/၂၀၂၄-၂၀၂၅ |
| ၁၉။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၆/၂ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၃/၂၀၂၄-၂၀၂၅ |
| ၂၀။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၆/၃ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၄/၂၀၂၄-၂၀၂၅ |
| ၂၁။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၆/၄ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၅/၂၀၂၄-၂၀၂၅ |
| ၂၂။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၅၆/၅ | ၀ ဒသမ ၁၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၆/၂၀၂၄-၂၀၂၅ |
| ၂၃။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၆၄/၁၅/၁ | ၀ ဒသမ ၉၇ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၇/၂၀၂၄-၂၀၂၅ |
| ၂၄။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | ၆၄/၁၅/၂ | ၀ ဒသမ ၈၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၆၀၈/၂၀၂၄-၂၀၂၅ |
| ၂၅။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/47 | ၀ ဒသမ ၆၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၇၄/၂၀၂၄-၂၀၂၅ |
| ၂၆။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/48 | ၀ ဒသမ ၄၉ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၇၅/၂၀၂၄-၂၀၂၅ |
| ၂၇။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/49 | ၀ ဒသမ ၇၂ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၇၆/၂၀၂၄-၂၀၂၅ |
| ၂၈။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/50 | ၀ ဒသမ ၈၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၇၇/၂၀၂၄-၂၀၂၅ |
| ၂၉။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/51 | ၀ ဒသမ ၅၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၇၈/၂၀၂၄-၂၀၂၅ |
| ၃၀။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/52 | ၀ ဒသမ ၉၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၇၉/၂၀၂၄-၂၀၂၅ |
| ၃၁။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/53 | ၀ ဒသမ ၉၄ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၀/၂၀၂၄-၂၀၂၅ |
| ၃၂။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၀/ရေကြည်အရှေ့ | 590/54 | ၀ ဒသမ ၅၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၁/၂၀၂၄-၂၀၂၅ |
| ၃၃။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၈/၆ | ၀ ဒသမ ၂၅ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၂/၂၀၂၄-၂၀၂၅ |
| ၃၄။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၈/၇ | ၀ ဒသမ ၂၄ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၃/၂၀၂၄-၂၀၂၅ |
| ၃၅။ | ပွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် | ပုသိမ်ကြီး | ရေကြည် | ၅၄၉/ချောင်းကြီးဝမြောက် | ၁၈/၈ | ၀ ဒသမ ၂၆ | မြေငှားဂရန်/ဦးပိုင်ခွဲ | ၅၈၄/၂၀၂၄-၂၀၂၅ |

**အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သောသံအမတ်ကြီး H.E. Mr. CHENG Manith သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ကုန်သွယ်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ယဉ်ကျေးမှုအပြန်အလှန် ဖလှယ်ရေးနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှုနှစ်(၇၀)ပြည့် အခမ်းအနားကို အနှစ်သာရရှိရှိဖြင့် ကျင်းပနိုင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။



**လက်ခံတွေ့ဆုံ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. CHENG Manith အားလက်ခံတွေ့ဆုံစဉ်။

## မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။



ဦးမျိုးလှိုင်ဝင်း(မြန်မာ့လက်ရွေးစင်နည်းပြချုပ်)က ဗီယက်နမ်က အုပ်စုထဲမှာ အတော့်တင်းဆုံးအသင်းတစ်သင်းဖြစ်တယ်ဆိုတာ အားလုံးသိပါတယ်။ ဗီယက်နမ်အသင်းမှာ တစ်ဦးချင်းကျွမ်းကျင်မှုရှိတဲ့ ကစားသမားတွေ၊ လူငယ်နဲ့ စီနီယာကစားသမားတွေနဲ့ ပေါင်းစပ်ဖွဲ့စည်းထားပြီး အခုပြိုင်ပွဲအတွက် အချိန်ယူလေ့ကျင့်ပြင်ဆင်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ လာအိုနဲ့ပွဲကလို နောက်ဆုံးအချိန်ထိ စိတ်ဓာတ်ကောင်းကောင်း၊ ကစားအားကောင်းကောင်းနဲ့ကြိုးစားပြနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ မောင်မောင်လွင် မပါဝင်နိုင်တဲ့အတွက် သူ့ရဲ့နေရာကို ဘယ်လိုအစားထိုးပြီး ဘယ်လိုနည်းစနစ်နဲ့ကစားမယ်ဆိုတာ ကျွန်တော်တို့မှာ အစီအစဉ်ရှိပြီးသားဖြစ်ပါတယ်။ ဗီယက်နမ်အသင်းရော မြန်မာအသင်းပါ အုပ်စုတက်ဖို့ အမှတ်ယူကြရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားစရာပွဲကောင်းတစ်ပွဲဖြစ်မှာ သေချာပါတယ်။ ကျွန်တော်တို့အနေနဲ့ အုပ်စုတက်ရေးအတွက် တစ်သင်းလုံးကြိုးစားယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အရှေ့တောင်အာရှချန်ပီယံရှစ်(မစ်ဆူဘီရှိ အီလက်ထရစ်ဖလား)ဘောလုံးပြိုင်ပွဲအုပ်စု(ခ) နောက်ဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော် ည ၇ နာရီခွဲတွင် ဗီယက်နမ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀

## AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

AFF MITSUBISHI ELECTRIC CUP 2024 ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသားလက်ရွေးစင် ဘောလုံးအသင်းနှင့် ဗီယက်နမ် အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းတို့သည် ဒီဇင်ဘာ ၂၁ ရက်၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ MRTV Parliament Channel၊ MRTV NRC Channel နှင့် MRTV App အပါအဝင် MRTV Online Platform တို့မှလည်း ည ၇ နာရီ ၁၅ မိနစ်မှ စတင်ပြီး တိုက်ရိုက်(Live) ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်